# ပထမကမ္ဘာစစ်အတွင်း ပြင်သစ်စစ်မြေပြင်သို့ အမှုထမ်းခဲ့ကြသည့် လုမ်ဘန်းတိုက်နယ်မှ သူရဲကောင်းများအတွက် နှစ် ၁၀၀ ပြည့် ကျောက်တိုင် စိုက်ထူ

ခိုနူမ်းသုန်သတင်း၊ ၁၇ အောက်တိုဘာ ၂၀၁၇



ပထမကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံသို့ စစ်မှုထမ်းခဲ့ကြသည့်ချင်းပြည်နယ် ဖလမ်းမြို့နယ် လုမ်ဘန်းကျေးရွာမှ ချင်းလူငယ် ၁၅၂ ဦးအတွက် နှစ် ၁၀၀ ပြည့် ကမ္ဗည်းမော်ကွန်းကျောက်တိုင် စိုက်ထူသည့် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်း ၁ နာရီ ကျင်းပခဲ့ကြသည်။ အမြင့် ၉ ပေရှိသည့် နှစ် ၁၀၀ ပြည့် ကမ္ဗည်းမော်ကွန်း ကျောက်–တိုင်ကို လုမ်ဘန်းကျေးရွာအဝင်တွင် အောက်တို ဘာလ ၁၆ ရက်နေ့က စိုက်ထူခဲ့ကြပြီး ယနေ့တွင်ဂုဏ်ပြုပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြခြင်းဖြစ်သည်။

"အင်္ဂလိပ်ခေတ်တုန်းက တိုက်သူကြီး တာဝန်ထမ်းဆောင်တဲ့ဦးလှူရ်မှုန်းကို အင်္ဂလိပ်မင်းကြီးကတပ်ကူရန်အကူအညီတောင်းလို့ သူအုပ်ချုပ်တဲ့တိုက်နယ်ထဲက လူတွေစုဆောင်းခဲ့တယ် ၃၀၀ ကျော်စုပေမယ့် ဖလမ်းမှာသွေးစစ်တော့ ၁၅၂ ယောက်ဘဲအောင်တော့ ဦးလှူရ်မှုန်းခေါင်းဆောင်ပြီးတော့ ပြင်သစ်စစ်မြေပြင်သို့ သွားရောက်ခြင်းဖြစ်တယ်၊ ကျနော်တို့ဘိုးဘေးတွေအတွက်ဂုဏ်ယူလေးစားခြင်းအားဖြင့် ခုလိုပြုလုပ်ရခြင်းဖြစ်တယ်" ဟု ပွဲဖြစ်မြောက်ရေးတာဝန်ခံ ဒေါ်မတလိန်းကပြောသည်။ လုမ်ဘန်းတိုက်နယ်သူကြီး ဝဏ္ဏကျော်ထင်ဦးလှူရ်မှုန်းဦးဆောင်သည့်လုမ်ဘန်းကျေးရွာမှ ချင်းလူငယ် ၁၅၂ ဦးတို့ ၁၉၁၇ ခုနှစ် ပထမကမ္ဘာစစ်ပွဲကာလတွင် ပြင်သစ်နိုင်ငံသို့သွားရောက်ပြီး စစ်မှုထမ်းဆောင်ခဲ့ကြသည်။ ချင်းမျိုးဆက်သစ်လူငယ်များအနေဖြင့် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ချင်းဘိုးဘွားများ၏ ရဲရင့်မှုကို သိလာစေရန်အတွက် ယခုကဲ့သို့ ကျောက်တိုင်စိုက်ထူရခြင်းဖြစ်သည်ဟု နှစ် ၁၀၀ ပြည့်ကျောက်တိုင်စိုက်ထူပွဲဖြစ်မြောက်ရေးကော်မတီထံမှသိရသည်။ ဦးလှူရ်မှုန်းပုံတူထည့်ထားသည့် ၄ မျက်နှာရှိ ကျောက်တိုက်တွင် ၄င်းဘိုးဘွားတို့၏ ရဲစွမ်းသတ္တိကိုလေးစားဂုဏ်ယူကြောင်း



နှင့် နောင်လာနောက်သားများကလည်း အစဉ်အောက်မေ့သတိရစေရန်ဤနှစ် ၁၀၀ပြည့် အထိမ်းအမှတ်ကျောင်တိုင်ကို ကမ္ဗည်းထိုး စိုက်ထူပါသည်"ဟု ရေးသားထားသည်။

# ကလေး – သိုင်ငင်းကားလမ်းပေါ်တွင်တစ်ပတ်အတွင်း ကား (၂) စီးတိမ်းမှောက်ပြီး လူ ၇ ဦးသေဆုံး

ခိုနူမ်းသုန်သတင်း၊ ၁၀ အောက်တိုဘာ ၂၀၁၇

ကလေး– သိုင်ငင်းကားလမ်းမပေါ်တွင် အောက်တိုဘာလ ၉ ရက်နှင့် ၁၀ ရက်နေ့က ကား ၂ စီးတိမ်းမှောက်ပြီး လူ ၇ ဦးသေဆုံးခဲ့သည်။

အောက်တိုဘာ ၉ ရက်နေ့က ကလေးမြို့မှ တီးတိန်မြို့သို့တက်သွားသည့် အိမ်စီးကားတစ်စီးသည်ဟိန်ဇိန်ကျေးရွာအနီးတွင် ချောက်ထဲသို့ထိုးကျသွားပြီး ကားပေါ်တွင်ပါလာသည့်တီးတိန်မြို့နေအမျိုးသား ၂ ဦးသေဆုံးခဲ့သည်။ အဆိုပါအခင်းဖြစ်ပွားပြီး နောက်တနေ့ အောက်တိုဘာ ၁၀ ရက်နေ့တွင် ချင်းပြည်နယ် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာမှ ကလေးမြို့ဘက်သို့ ထွက်ခွါသည့် ကုန်တင်ကားတစ်စီးသည် ညနေပိုင်း ၃ နာရီဝန်းကျင်ခန့်က တိမ်းမှောက်ပြီး ကားပေါ်မှာပါလာတဲ့ ခရီးသည် ၅ ဦးသေဆုံးခဲ့သည်။

ခရီးသည် ၃၀ ခန့်တင်ဆောင်လာသည့် ယင်းကုန်တင်ကားသည် သိုင်ငင်းကျေးရွာအကျော် ဟီရုံဇိန်ကျေးရွာအနီး လေးထပ်ကွေ့အဆင်း မြေသားပျော့တဲ့နေရာကို နင်းမိရာမှ အောက်ကားလမ်းပေါ် ပေ ၁၅၀လောက်အထိ လိမ့်ကျသွားခဲ့ တာဖြစ်ပြီး အမျိုးသမီး ၄ ဦး ပွဲချင်းပြီးသေဆုံးကာ တစ်ဦးမှာ ကလေးမြို့ဆေးရုံတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ "မိုးကလည်း ရွာတော့ ကားလမ်းကလည်းချော်တယ် ပြီးတော့ မြေသားနုတဲ့နေရာကိုနင်းမိပြီး အောက်ဘက်ကို ပြုတ်ကျသွားတာ" ကပြောသည်။ အဆိုပါကားပေါ်သို့ လိုက်ပါလာကြသည့်ခရီးများမှာလိုင်တွီးကျေးရွာတွင် အောက်တိုဘာလ ၅ရက်မှ ၈ ရက်နေ့အထိ ကျင်းပသော ချင်းရိုးရာခွါဒိုပွဲတော်သို့ သွားရောက်ခဲ့ကြသည့် ကလေးမြို့နေ လိုင်တွီးရွာသားများနှင့် လိုင်တွီးကျေးရွာမှ ကျောင်းသူကျောင်းသားများဖြစ်ကြသည် ဟု သိရသည်။





"ခရီးသည်အများစုကဘောလုံးသမားတွေပါ၊ လိုင်းတွီခွါဒိုပွဲမှာကျင်းပတဲ့ ဘောလုံးပွဲမှာလာရောက်ယှဉ်ပြိုင်ကြတဲ့သူတွေပါ၊ ကလေးမြို့ကိုကျောင်းတက်ဖို့ပြန်သွားကြတဲ့ လိုင်းတွီရွာကကျောင်းသားတွေလည်းလိုက်သွားကြတယ်" ဟု လိုင်းတွီရွာ စွဲမက်ထမင်းဆိုင်မှာ မမောသဲကပြောသည်။

# X Factor သီချင်းဆိုပြိုင်ပွဲ Top 10 တွင် ချင်းလူငယ်တွေဖွဲ့စည်းထားတဲ့ Oxygen တက်လှမ်း



၁၇ အောက်တိုဘာ ၂၀၁၇

ပရိတ်သတ် စိတ်ဝင်စားမှု မြင့်တက်လာနေတဲ့ X Factor သီချင်းဆိုပြိုင်တွင် ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ ချင်းလူငယ် ၃ ဦးနဲ့ဖွဲ့စည်းထားသော oxygen အဖွဲ့ဟာ Top 10 အဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

Oxygen အဖွဲ့ဝင်များမှာကလေးမြို့၊ တာဟန်းမှဆလိုင်းဗန်လာလ်လောမ်ဆန်း (Val Duat)၊ ဂန့်ဂေါမြို့မှဆလိုင်းဝင်းထွန်း (Htun Thang)၊ ကလေးမြို့ Tuivar (နတ်ကြီးကုန်းရွာ)မှ ရိုထန်မောရာ (Ro thanmawia) မျိုးဆက်တို့ဖြစ်ပါတယ်။

SMS ဖြင့် မဲပေးလိုပါက MPT ဖြစ်မဲပေးလိုပါက ၈၆၀၆ ကို နှိပ်ပြီး Oxygen ရဲ့ မဲနံပါတ်ဖြစ်တဲ့ X06ကို မဲပေးနိုင်ပါတယ်။ သို့မဟုတ် Ooredoo အသုံးပြုသူဖြစ်ပါက ၆၀၀၂ တွင်လည်းကောင်း၊ Telenor အသုံးပြုသူဖြစ်ပါက ၆၆၆၆ တွင်လည်းကောင်း SIM card တစ်ခုတွင် မဲတစ်ကြိမ်ပေးနိုင်ပါတယ်။

သီချင်းဆိုပြိုင်ပွဲကိုကြည့်ရှုလိုပါက MRTV-4 တွင်လည်းကောင်း အွန်လိုင်းမှကြည့်ရှုလိုပါက X Factor Facebook page တွင်လည်းကောင်း တိုက်ရိုက်ကြည့်ရှုနိုင်ပါတယ်။ RefCW


## ဖလမ်းတွင် ဂါလံတစ်သိန်းဆံ့ ရေလှောင်ကန် ၄ ခုတည်ဆောက်မည်

၁၄ အောက်တိုဘာ ၂၀၁၇

ချင်းပြည်နယ်၊ ဖလမ်းမြို့ရေပေးဝေရေးအတွက် ပြည်နယ်အစိုးရက ကျပ်ငွေ သန်းငါးထောင် သုံးစွဲပြီး ဂါလံတစ်သိန်းဆံ့ ရေလှောင်ကန် တည်ဆောက်ရေးလုပ်ငန်းကို စတင်နေပြီလို့သိရပါတယ်။

ဖလမ်းမြို့ရေပေးဝေရေးအတွက် မြို့တွင်း ၄ နေရာမှာ ဂါလံတစ်သိန်းဆံ့ကန် ၄ လုံး တည်ဆောက်မှာဖြစ်ပြီးလာမယ့် ၂၀၁၈ မတ်လမှာအပြီး တည်ဆောက် သွားမယ်လို့ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတလာဟဲကပြောပါတယ်။

ရေလှောင်ကန်တည်ဆောက် ရေးကို ပြည်မကုမ္ပဏီတစ်ခုဖြစ်တဲ့အိုတန်းတစ်ကုမ္ပဏီက တာဝန်ယူထားတယ်လို့ သိရပါတယ်။



အလားတူ ပလက်ဝမြို့နယ် ဆမီးမြို့မှာလည်း ကျပ် သိန်း ၃၅၀၀ နဲ့ ရေးပေးဝေရေး စီမံကိန်းလုပ်ဆောင်နေသလို ဟားခါးမြို့ရေပေးဝေရေး စီမံကိန်းကတော့ ဒီလကုန်မှာအပြီး သတ်နိုင်မယ်လို့ သိရပါတယ်။

## Editorial ......

### အသက်ကို ဖက်နှင့်ထုတ်ပြီးသွားရတဲ့ မရာဏလမ်း (သို့)ချင်းတောင်လမ်း

ပြီးခဲ့တဲ့ အောက်တိုဘာလ ဒုတိယပတ်ထဲမှာဘဲ ချင်းတောင်မှာ ကားမှောက်လို့ လူ ၇ ယောက် သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံးဒေသတစ်ခုဖြစ်တဲ့ ချင်းတောင်ဒေသမှာ ဒီလိုကားမှောက်မှုဖြစ်တာဟာထူးဆန်းတဲ့အရာတော့မဟုတ်ပါဘူး။ ဒီလိုကားမှောက်မှုတွေကြောင့်တန်းဖိုးရှိလှတဲ့ လူ့အသက်တွေဆုံးရှုံးနေရတာဟာ ကြေကွဲစရာဖြစ်ပါတယ်။

ဘာကြောင့် ချင်းတောင်မှာ ခုချိန်ထိ ကားမှောက်မှုတွေမကြာခဏဖြစ်နေရာတာလဲ။ ကားမောင်းတဲ့ ကားသမားတွေမူးပြီး မဆင်မခြင်မောင်းနှင်မှုကြောင့်လား။ ဒါမှမဟုတ် ကားလမ်းဖောက်လုပ် တူးဖော်မှုတွေမှာ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှု စနစ်ကျမှုမရှိတာကြောင့်လာဆိုတာ စဉ်းစားဆရာဖြစ်လာပါပြီ။

ချင်းတောင်မှာ ကားမှောက်ပြီဆိုရင် တာဝန်ရှိသူတစ်ချို့နဲ့ တော်တော်များများက ကားသမားတွေမူးလို့ဖြစ်တာဆိုပြီး ပေါ့ပေါ့တန်တန်ပြောဆိုတတ်ကြပါတယ်။ တဖက်မှာတော့ ကားသမားတွေအနေနဲ့ မဆင်မခြင်မောင်းလို့ သတိမမူလို့ဖြစ်တာတွေလည်း အများကြီးရှိနိုင်ပါတယ်။ ဒါပေမယ့် ညံ့ဖျင်းလွန်းလှတဲ့ ကားလမ်းတွေကလည်း ကားတိမ်းမှောက်စေတဲ့အကြောင်းရင်းတစ်ခုဖြစ်နေတယ်ဆိုတာငြင်းလို့မရပါဘူး။ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၀ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ကလေး–သိုင်းငင်ကားလမ်းမပေါ်က ကားတိမ်းမှောက်မှုကို ကြည့်မယ်ဆိုရင် ကားသမားမူးတယ်မမူးဘူးဆိုတာ သေသေချာချာမသိရပေမယ့် အတက်ကားနဲ့အဆင်းကား ရှောင်ရင်းမြေသားနုတဲ့နေရာကို နင်းမိရာကနေ အောက်ဘက်ကို ပြုတ်ကျသွားတာဖြစ်ပါတယ်။

ပြောချင်တာက ခုလက်ရှိမှာ ချင်းတောင်ကားလမ်းကို စက်ကြီးတွေနဲ့ ပြုပြင်မွန်းမံမှုတွေ လုပ်ဆောင်နေပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ နည်းပညာပိုင်း အားနည်းမှုတွေ၊ စည်းစနစ်မရှိမှုတွေ၊ တူးပြီးသာမြေသားတွေကို စနစ်တကျ စွန့်ပစ်မှုမရှိတာတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒီကိစ္စကို ချင်းပြည်နယ်အစိုးရအနေနဲ့ သေချာကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ဆောင်ဖို့လိုအပ်ပါတယ်။

ချင်းတောင်တန်းပေါ်မှာ တခြားပြည်နယ်တွေလို တိုက်ပွဲတွေ၊ စစ်ပွဲတွေကြောင့် သေဆုံးရသူတွေ မရှိပေမယ့် ကြံ့ခိုင်မှုမရှိတဲ့၊ အမြဲပဲပျက်စီးနေတဲ့ ကားလမ်းတွေကြောင့် ချင်းလူမျိုးတွေဟာ သေနေ့မစေ့ပဲ သေဆုံးရတဲ့အဖြစ်မျိုးဟာ ဘယ်အချိန်ထိရင်ဆိုင်ကြုံတွေ့နေကြရဦးမလဲ။

တကယ်တော့ ချင်းလူမျိုးတွေဟာ ယခင်အစိုးရခေတ်အဆက်ဆက်ကတည်းကနေ ယနေ့ချိန်ထိ သေမင်းနဲ့လောင်းကြေးထပ်ပြီးအသက်ဆက်နေခဲ့ရသူတွေဖြစ်ပါတယ်။ ဒီလိုနေ့ရက်တွေ ဘယ်အချိန်မှာများအဆုံးသတ်နိုင်မလဲ။ ချင်းတောင်ကားလမ်းတွေ ကောင်းမွန်ပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံကြပါစေလို့ပဲ ဆန္ဒပြုရင်း။

## ဖားပြုတ်ဥအစိမ်း သုပ်စား၍ ကလေး (၂) ဦးသေဆုံးပြီး၊ (၂) ဦးဆေးကုသမှုခံယူ

၀၄ အောက်တိုဘာ ၂၀၁၇

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်၊ တုံးမဝကျေးရွာနေ ကလေး(၄)ယောက်သည် မိဘများ တောင်ယာသွားနေခိုက် အောက်တိုဘာ ၁၄ ရက်နေ့ နံနက်ပိုင်းကချောင်းထဲမှ ဖားဥများကို ကောက်ယူပြီးသုပ်စားကြရာအစာအဆိပ်သင့်ပြီး ၂ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ဆေးရုံသို့အချိန်မီပို့ဆောင်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့ (၄) ယောက်အနက် မောင်ကိုကိုဦး အသက် (၇)သည် မနက် ၁၁နာရီတွင် နေအိမ်၌ သေဆုံးခဲ့သည်။ ကျန်(၃)ဦးအားဆေးရုံသို့ပို့ဆောင်ခဲ့သော်လည်းဆေးရုံးရောက်ပြီး ၅ မိနစ်အကြာ မွန်းလွဲ ၁း၃၅ နာရီတွင် မောင်ကိုလင်းဆွေ အသက် ၆ နှစ်လည်း စကားပြောနေရင်းသေဆုံးခဲ့သည်။

“ဖြစ်တဲ့အချိန်မိဘတွေအနားမှာရှိမနေတော့ ဘယ်သူမှတာဝန်ယူပြီး ပလက်ဝမြို့အထိ ဆေးရုံကိုမပို့ပေးနိုင်ကြဘူး။ အချိန်မီဆေးကုသမှုမခံယူနိုင်လို့သေဆုံးရတဲ့ကလေးနှစ်ယောက်အတွက်စိတ်မကောင်းဘူး” ဟုကူညီပေးကြသော ပလက်ဝမှရှမီးလူငယ်တစ်ဦးက ပြောသည်။

မောင်ဝေယံဦး အသက် (၇) နှစ်နှင့် မောင်နေနိုင်စွန်း အသက် (၇) နှစ်တို့သည် ပလက်ဝဆေးရုံတွင်ဆေးကုသမှုခံယူနေလျက်ရှိပြီး စိုးရိမ်စရာမရှိတော့ကြောင်းသိရသည်။

THE KHONUMTHUNG NEWS JOURNAL

Editorial Board

Chief Editor - J.Sangtea

Managing Editor - Tui Dim

Editor - Salai Robert

T.V Incharge - Tui Dim

Reporter - Moe Kyaw
- Lalnuna
- Rokung
- Hniangte
- Aung Ling

Layout Design - Justina

Board Member
- Lawma
- David Lalrin
- Hlai Myo Thein

Marketing Manager
Lalnuna

Advisory Board
T. Panglai
Baenard L.Chhangte

Producer
J. Hmingthansanga
5/KLT (N) 117352

Address
Tahan, Kalaymyo
Registration No. 01183

Printing Press -
Thukha Myaing , Offset
Mandalay

# ကလေးမြို့ဧရိယာ၏ ၈၀ ရာခိုင်နှုန်းအား မြို့မြေအဖြစ် တိုင်းတာရန်ကျန်နေ

၀၅ အောက်တိုဘာ ၂၀၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပြဧရိယာ၏ ၂၀ရာခိုင်နှုန်းကိုသာ ၁၉၇၀ ခုနှစ်တွင် မြို့မြေအဖြစ် တိုင်းတာဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိ ၈၀ ရာခိုင်နှုန်းကို တိုင်းတာရန် ကျန်ရှိနေသည်ကို တွေ့ရသည်။

ကလေးမြို့သည်မြို့ဧရိယာ ၆၆၆၂ ဧကကျယ်ဝန်းပြီး၎င်းဧရိယာထဲမှ ၁၁၀၀ ဧကကိုသာ မြို့မြေအဖြစ် တိုင်းထွာသတ်မှတ်နိုင်ခဲ့ပြီး ကျန်ရှိ ၅၅၆၂ ဧကရှိမြို့ပြလူနေဧရိယာကို မြို့မြေအဖြစ် တိုင်းထွာသတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း ကလေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီးက ပြောသည်။

ယင်းကဲ့သို့ မြို့မြေတိုင်းထွာသတ်မှတ်နိုင်ခြင်းမရှိ သေးသည့်အတွက်မြေယာအငြင်းပွားမှုနှင့်ကျူးကျော်တိုးချဲ့မှုများ၊ မြို့ပြတစ်ခု၏ အခြေခံအဆောက်အဦးများကို ဖြစ်သလိုဖော်ဆောင်နေမှုများ စသည့်အခက်ခဲများအပြင် တောင်သူလယ်သမားအချို့နှင့်မြေပွဲစားများ၏ နည်းမျိုးစုံအိမ်ရာကွက်များဖန်တီးပြီးဥပဒေမဲ့လုပ်ကိုင်ခဲ့ ခြင်းကြောင့် အဆင့်မီရပ်ကွက်များဖြစ်မလာကြဘဲ အဘက်ဘက်ကအားနည်းတဲ့ မြို့ပြကြီးအဖြစ် ပေါ်ထွန်းခဲ့ရပါကြောင်း ၎င်းကဆက်ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၄ ရက်နေ့ကကျင်းပခဲ့သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကလေးမြို့အားမြို့မြေတိုင်းထွာသတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းရာတွင် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကလေးမြို့နယ်အတွက် မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်မရှိသေးကြောင်း၊ လာမည့်၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်တွင်ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိမှုပေါ်မူတည်၍ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

မြို့ပြလူဦးရေ တစ်သိန်းငါးသောင်းကျော်ခန့်ရှိသည့်ကလေးမြို့သည် မြို့ပေါ်ရပ်ကွက်ကြီး ၁၉ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး ယခုကဲ့သို့ မြို့မြေကွက်တချို့များ စနစ်တကျထိန်းသိမ်းမှုနှင့် မှတ်တမ်းမှတ်ရာများမရှိခဲ့ပါက နောင်အခါတွင် ယခုလက်ရှိအခက်အခဲများများသည်ထက်များလာပြီးဖြေရှင်းရန်ခက်ခဲလာနိုင်ကြောင်းသိရသည်။

# မင်းတပ်မြို့တွင်း လမ်းမကြီးတိုးချဲ့မှုကို ကျပ်သန်းပေါင်း (၁၃၀၀) ကျော် သုံးစွဲမည်ဖြစ်ပြီး တိုးချဲ့မည့်ဧရိယာနှင့်မလွတ်သည့် နေအိမ်များစိုးရိမ်လျက်ရှိ

၅ အောက်တိုဘာ ၂၀၁၇ (Mai Ling Hung Leng)

ချင်းပြည်နယ် မင်းတပ်မြို့ရှိ မြို့တွင်းလမ်းမကြီးအား ပေ (၅၀)ထိ ချဲ့မည့် အစီအစဉ်အတွက် နိုင်ငံတော်ဘတ်ဂျက်ငွေ ကျပ်သန်းပေါင်း(၁၃၀၀) ကျော်ဖြင့် လမ်းဘေးဝဲယာ ၂၅ပေစီ ချဲ့မည်ဖြစ်ပြီး ချဲ့မည့်ဧရိယာနှင့်မလွတ်သည့် အဆောက်အဦးအများအပြားရှိနေသောကြောင့် အဆိုပါအိမ်ပိုင်ရှင်များ စိုးရိမ်နေကြကြောင်းသိရှိရပါသည်။

ယခင်အစိုးရအဆက်ဆက်ကတည်းက ကမ်းပါးဖက်ကိုအိမ်မဆောက်ကြရန်မှာခဲ့ကြပြီး၊မြေသားလမ်းချဲ့ရာ၌လည်း ကမ်းပါးဖက်ကိုသာ ချဲ့ခဲ့ကြရကြောင်း၊ ယခုလမ်းချဲ့မည့် အစီအစဉ်မှာ လမ်းအောက်ဖက်တွင် နေထိုင်သူများအတွက် စောဒကတက်စရာ ဖြစ်လာနိုင်ကြောင်း နှင့် နေရာပါပျောက်သွားမည့်အခြေအနေထိ ဖြစ်လာနိုင်သည်ဟု အရှေ့ပြင်ရပ်ကွပ်တွင်နေထိုင်သူဆယ်အိမ်မှူးဦးထန်းအွမ်က ပြောသည်။

“ဌာနဆိုင်ရာတွေကိုယ်တိုင်ကွင်းဆင်းလေ့လာတာ ကောင်းပါ တယ်၊ နိုင်ငံတော်အစိုးရကိုလည်းတကယ်ကျေးဇူးတင်ပါတယ်၊မင်းတပ်မြို့ကခရိုင်မြို့ကြီးဖြစ်နေပြီဆိုတော့ လမ်းလည်းချဲ့သင့်ပါတယ်၊ ဒါပေမဲ့အခုဟာကလမ်းဘေးဝဲယာဖက်ကို လျှော့ပြီးတော့လမ်းအပေါ်ဖက်ကို များများချဲ့ရမှာ၊ အဲလိုမဟုတ်ရင်တော့ နေအိမ်တော်တော်များများဖျက်ရ၊ ရွှေ့ရမည့် ပုံဖြစ်နေတယ်၊ မဖြစ်မနေ ဒီပုံစံအတိုင်း ချဲ့ရမည်ဆိုရင် ထိုက်သင့်တဲ့ နစ်နာကြေးလေးတော့ ဘယ်သူမဆို ပြန်ရချင်ကြမှာပဲ ”ဟု ထိုသူကပြောသည်။

ဤကဲ့သို့ မြို့တွင်းလမ်းချဲ့မည့်အတွက် နိုင်ငံတော်မှ ချမှတ်ပေးသော ဆောက်လုပ်ရေး ဘတ်ဂျက်ငွေမှာ ကျပ်သန်းပေါင်း (၁၃၀၀)ကျော်ဖြစ်ပြီး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်လာနိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိုးတက်လာ နိုင်ရေးအတွက်လမ်းဧရိယာများကို စက်တင်ဘာလ ၂၉ရက်နေ့မှစ၍ ချင်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးအောင်သန်းနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများသည် လမ်းတစ်လျှောက် မြေတိုင်းမှုများ ပြုလုပ်ခဲ့ကြကာ၊ စုစုပေါင်းလမ်းဧရိယာကို ပေ(၅၀)ထိ ချဲ့မည်ဖြစ်ကြောင်း ဦးအောင်သန်းထံမှ သိရှိရသည်။

“ မင်းတပ်က ခရိုင်မြို့ကြီး ဖြစ်နေပြီလူသွားလမ်းလည်း သီးသန့် မရှိသေးတဲ့အတွက် ယာဉ်တိုက်မှုတွေလည်း ခဏခဏဖြစ်တယ်၊ ပြီးတော့မြို့နဲ့မတူပဲရွာနဲ့တူနေတယ်၊အခုလိုမျိုး လမ်းချဲ့တဲ့အခါမှာ လမ်းကို ပေ (၄၀)ထားပြီး လူသွားလမ်းအတွက်ကို ငါးပေစီထားမယ်၊ ဒီလိုလုပ်တဲ့နေရာမှာ လမ်းနဲ့ မလွတ်တဲ့ အိမ်တွေ တော်တော်များများ တွေ့ရပါတယ်၊ အိမ်တစ်လုံးလုံးပါသွားတဲ့သူတွေ အတွက်တော့ နေရာပြန်ပေးဖို့ အစီအစဉ်ရှိပါတယ်၊ ဒါကလည်း မြို့ပေါ်မှာ တော့ ပြန်ရမှာမဟုတ်ပါဘူး ၊ရွှေ့မျက်နှာစာလောက်ပါသွားတဲ့သူတွေ အတွက်တော့ လက်ရှိမှာ နစ်နာကြေးပြန်ပေးဖို့အစီအစဉ်တော့မရှိသေးပါဘူး၊ အတတ်နိုင်ဆုံးတော့ ထိခိုက်၊ ပျက်ဆီး၊ နစ်နာမှုအနည်းဆုံးဖြစ်အောင်ပဲလုပ်မှာပါ၊ ဒါကလည်း ပြည်နယ်ကအတည်ပြုပြီးမှပါ ”ဟု သူကပြောသည်။

မင်းတပ်မြို့ တွင်နေထိုင်သူ ဦးအောင်မြင့်ဦးမှလည်း သူ၏ ယူဆချက်ကို ဤသို့ ပြောသည်။

“နိုင်ငံတော်က ချမှတ်ပေးထားတဲ့ ဆောက်လုပ်ရေး ဘတ်ဂျက်ကလမ်းချဲ့ဖို့ အတွက်ဆိုတော့ နေအိမ်တွေကို လျော်ဖို့ ဆိုတာကတော့ ရလိုက်တဲ့ ဘတ်ဂျက်ငွေက တစ်ရပ်ကွက်နဲ့တင်ကုန်မှာ အဲဒါကြောင့် ကမ်းပါးရှိတဲ့ဖက်ကို များများ ချဲ့နိုင်ရင်တော့ပိုပြီး၊ အဆင်ပြေမယ်၊ ပြီးတော့ မြို့ရဲ့အချက်အချာ ကျတဲ့နေရာ ဈေး၊ စိုက်ပျိုးရေး အဲလိုမျိုးနေရာတွေကို ချဲ့နိုင်ရင်တော့ ပိုကောင်းမယ်၊ လမ်းမချဲ့ပြန်ရင်လည်း မြို့အနေအထားနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့မကိုက်ညီပြန်ဘူးလေ၊ အခုလိုပုံစံကတော့လမ်းကျဉ်းနေသေးတယ်၊ အိမ်တွေဖျက်ဖို့ ဖြစ်လာရင်လည်း အများဆန္ဒပါမှသွားလို့ရမှာပါ” ဟု ဦးအောင်မြင့်ဦးကပြောသည်။

မင်းတပ်မြို့သည် ၂.၁၄ ဧရိယာ စတုရန်းမိုင် ရှိပြီး၊ လမ်းကော်မတီအဖွဲ့ဝင် (၈၅)ဦး ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ CW

# ကလေးဒေသရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေစိုက်ဧက ၈၀၀၀ ကျော်ပျက်စီး

၁၅ အောက်တိုဘာ ၂၀၁၇

စစ်ကိုင်းတိုင်းဒေသကြီးကလေးဒေသတွင် ပြီးခဲ့သည့်စက်တင်ဘာလနောက်ဆုံးပတ်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ရာ ကလေးမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်နှင့် နေရဥ္စာ မြစ်ရေများမြင့်တက်မှုဖြစ်ပေါ်ကာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး အဆိုပါရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးနှင့် ယာမြေစိုက်ဧက ၈၀၀၀ ကျော်ရေနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်း စက်တင်ဘာ ၁၉ ရက်နေ့မှအစပြု၍ စက်တင်ဘာ ၂၃ ရက်နေ့ အထိရေကြီးရေလျှံမှုဖြစ်ပွားကာ ကလေးမြို့ပေါ်ရပ်ကွက် ၄၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၃၀ တို့မှပြည်သူများ ရေဘေးသင့်ခဲ့သည့်အပြင် လယ်ယာမြေရေလွှမ်းဧရိယာစိုက်ဧက ၁၆၈၂၄ ဧကရေနစ်မြုပ်ခဲ့ရာ ရေပြန်ကျအပြီးရေပြန်ပေါ်ဧရိယာအတွင်းမှ ကျေးရွာအုပ်စု ၁၅ စုအတွင်းကောက်ယူခဲ့သည့်စာရင်းများအရ မိုးစပါးပျက်စီးဧက ၈၂၃၀၊ ဟင်းသီးဟင်းရွက်ပျက်စီးဧက ၃၂၈၊ အစေ့ထုတ်ပြောင်းပျက်စီးဧက ၇၂ စုစုပေါင်း ထိခိုက်ပျက်စီးဧက ၈၆၃၀ ဧကပျက်စီးမှုရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းကောက်ယူချက်အရ သိရသည်ဟု ကလေးမြို့ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာနထံမှ သိရသည်။

# ချင်းပြည်နယ် စီးပွားရေး သင်တန်းကျောင်း သင်တန်းအပတ်စဉ် (၃)တီးတိန်မြို့တွင်မကြာမီဖွင့်လှစ်မည်

၁၀ အောက်တိုဘာ ၂၀၁၇

ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း (Chin State Business Institute-CSBI) နှင့် Strategy First Institute တို့ ပူးပေါင်း၍ ချင်းပြည်နယ် စီးပွားရေးသင်တန်းများ အပတ်စဉ်(၃)ကို နိုဝင်ဘာလ (၆-၁၀) ရက်များအတွင်း တီးတိန်မြို့တွင် ဖွင့်လှစ်သင်ကြားမည်ဟု သိရသည်။

ယင်းသင်တန်းကိုတီးတိန်မြို့ စကောလမ်းရှိတီမိုသီကျမ်းစာကျောင်း (Timothy Bible College) တွင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းကိုချင်းပြည်နယ်အတွင်း နေထိုင်သူမည်သူမဆို (အထူးသဖြင့် ဖလမ်းခရိုင်အတွင်းရှိ တီးတိန်နှင့် တွန်းဇန်မြို့နယ်များတွင်နေထိုင်သူများ) တက်ရောက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် တီးတိန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးတို့တွင် လျှောက်လွှာများရယူနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# ချင်းလူမျိုးဆေးကျောင်း နှင့် သူနာပြုကျောင်း တက်ရောက်သူ (၁၂) ယောက်ကို El Shaddai ပညာသင်ထောက်ပံ့ရေးက ကူညီမည်

၁၀ အောက်တိုဘာ ၂၀၁၇

ပါစတာ ပေါလုလာလ်ဆင်က ဦးစီးသော El Shaddai ပညာသင်ထောက်ပံ့ရေးက ဆေးကျောင်းနှင့်သူနာပြုကျောင်းတက်ရောက်နေသည့် ချင်းလူမျိုး ကျောင်းသူ၊သား(၁၂)ကို ၂၀၁၈ ခုနှစ်မှာ ထောက်ပံ့ကူညီမည်ဟု သိရသည်။

ယင်းပညာသင်ထောက်ပံ့ကြေးလျှောက်လွှာကို နောက်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၀ ရက်အထိ သာလက်ခံမည်ဖြစ်ပြီး ဧပြီ ၂၀ရက်နေ့တွင် ထောက်ပံ့ကြေးရရှိသူများကို ကြေညာမည်။၄င်းပညာသင်ထောက်ပံ့ရေးသည် ဆယ်နှစ်အတွင်းကျောင်းသူ၊သား (၁၂၀) ဦးထောက်ပံ့မည်ဖြစ်ပြီး ယခုနှစ်အတွက်ဆေးကျောင်းတက်ရောက်သူ ၈ ဦးနှင့်သူနာပြုကျောင်းတက်ရောက်သူ ၄ ဦးထောက်ပံ့နေပြီဖြစ်သည်။

"အကျင့်စာရိတ္တပျက်ပြားလို့ဖြစ်စေ၊ စာမေးပွဲကျရင် ဒီထောက်ပံ့ကြေးကို တခါတည်းရပ်ဆိုင်းမှာဖြစ်တယ်။ ဒီလိုမရှိရင်တော့သူတို့ကျောင်းပြီးတဲ့အချိန်ထိ ထောက်ပံ့မယ်။ လျှောက်လွှာတွက်လိုအပ်တဲ့အခ-ျက်အလက်တွေကတော့သူတို့တက်ရောက်နေတဲ့ကျောင်းရဲ့ထောက်ခံစာ၊ အသင်းတော်ရဲ့ထောက်ခံစာ၊ ပြီးတော့သူတို့ကိုယ်ရေးအကျဉ်းချုပ်တွေရေးရမယ်ဟု" ပါစတာ ပေါလုလာလ်ဆင်ကပြောသည်။

ထောက်ပံ့ကြေးပေးတဲ့ပုံစံကတော့တစ်နှစ်အတွက် ရန်ကုန်တွင်တက်ရောက်သည့်ကျောင်းသူ၊သားကို ကျပ်သိန်း(၂၀)၊ မန္တလေးကျောင်းတွင်တက်ရောက်သည့်ကျောင်းသူ၊သားကို တစ်နှစ်အတွက် ကျပ်(၁၂)သိန်း၊ ဖလမ်းမြို့တွင်သူနာပြုကျောင်းတက်ရောက်သည့် ကျောင်းသူ/သားကို ကျပ်(၁၀)သိန်း ပေးအပ်မည်ဖြစ်သည်။ ထောက်ပံ့ကြေးကို သုံးလ သို့မဟုတ် လေးလတစ်ကြိမ်ပေးအပ်မည်။

ယင်းပညာသင်ထောက်ပံ့ကြေးလျှောက ်လိုပါက ပါစတာပေါလုလာလ်ဆင်၀၉-၅၁၉၉၀၆၀ တွင်လည်းကောင်း၊email:pastorpaulsyn@gmail.com တွင်လည်းကောင်း ဆက်သွယ်နိုင် ပါသည်။

# လက်နက်တွေကို မြဝတီ လမ်းကြောင်းက သယ်ခဲ့

ဝန်ကြီးဟောင်း ဦးတင့်ဆန်းရဲ့သား ဦးဖြိုးကိုကိုတင့်ဆန်းထံမှ သိမ်းဆည်းရမိတဲ့ လက်နက်တွေကို မြဝတီလမ်းကြောင်းကနေ ကားနဲ့သယ်ဆောင်ခဲ့တာဖြစ်တယ်လို့နေပြည်တော်တိုင်း ရဲတပ်ဖွဲ့ မှူးရဲမှူးကြီး ဇော်ခင်အောင်က ဘီဘီစီကို ပြောပါတယ်။

"ဖြိုးကိုကိုတင့်ဆန်းရဲ့တပည့်စိုင်းဘိုဘိုရဲ့ထွက်ဆိုချက်အရပေါ့ တချို့လည်း သူ့ဝယ်ပေးတယ်လို့ထွက်ဆိုတယ် နယ်စပ်နဲ့ချိတ်ဆက်ပြီးတော့ ဝယ်ပေးတဲ့ နောက်တစ်ယောက်ကတော့ မမိသေးဘူး ကားနဲ့တလက်စနှစ်လက်စသယ်တာ"လို့ ရဲမှူးကြီးဇော်ခင်အောင်က ဘီဘီစီကို ပြောပါတယ်။

ဒီအမှုနဲ့ ပတ်သက်လို့ဖမ်းဆီးထားသူ ၁၂ ဦးရှိပြီး ခေါ်ယူစစ်ဆေးနေသူ အများအပြားလဲရှိပါတယ်။ လက်ရှိမှာတော့ဦးဖြိုးကိုကိုတင့်ဆန်းနဲ့အပေါင်းအပါတွေကို မှုးယစ်မှု လက်နက်မှုအပြင် လုံခြုံရေးအဖွဲ့တွေရဲ့တံဆိပ်တွေအသုံးပြုမှု စတဲ့ပုဒ်မ တွေနဲ့ပါ တရားစွဲဆိုဖို့ရှိတယ်လို့လည်း ရဲမှူးကြီးကပြောပါတယ်။

ဘီဘီစီမြန်မာပိုင်း

ဒက္ခိဏသီရိမြို့နယ် Hotel ACE အတွင်း လုံခြုံရေးတာဝန်ခံ ဦးအောင်နိုင်အား သွားရောက် စစ်ဆေးရှာဖွေခဲ့ရာ ဟိုတယ် ဝန်ထမ်းမိသားစုစိုက်ခင်းအတွင်း ချုံပုတ်နှင့် မြင်းတင်သော ထော်လီနောက်တွဲပေါ်မှ လက်နက်/ခဲယမ်း များ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ



(ဝဲမှယာ)တရားခံ ရန်အောင်စိုး၊ ဦးအောင်နိုင်

ACEဟိုတယ်အတွင်းမှ စကားပြောစက်၊ အထိုင်စက်နှင့် ဒရုန်းယာဉ်များ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ





# ချင်းအဆိုတော် အောင်သာလိန်းထန်း(ခေါ်) ထန်းထန်း နှင့် တွေ့ဆုံခြင်း

မေး။ ။ပထမဆုံးအနေနဲ့ မောင်လေးရဲ့ဇာတိမြေနဲ့ မိသားစုအကြောင်းအရင်ပြောပေးပါဦး။

ဖြေ။ ။ ဇာတိကတော့ ချင်းပြည်နယ် မင်းတပ်မြို့ကပါ၊ မောင်နှမခြောက်ယောက်ထဲကကျတော်က အငယ်ဆုံးပါ။

မေး။ ။ အခွေ ဘယ်နှခု ထွက်ပြီလဲ၊ မီနီအယ်လ်ဘမ်ကော ဘယ်နှခုထွက်ပြီလဲ။

ဖြေ။ ။ ခွေက Group အခွေပဲထွက်သေးတယ်၊ ခုလည်း Group ခွေပဲထွက်ထွက်မယ်၊ Mini Album တစ်ခွေထွက်ထားတယ်၊ သုံးပုဒ်ပါ။

မေး။ ။ ဘယ်တုန်းကတည်းက သီချင်းဆိုတာဝါသနာပါတာလဲ။ မောင်လေး ဘယ်လိုသီချင်းအမျိုးအစားတွေကိုဆိုရတာ ပိုကြိုက်လဲ။

ဖြေ။ ။ ဆိုတာတီးတာကတော့ နှစ်တန်းသုံးတန်း ကတည်းကတီးတယ်၊ ဆိုတယ်ကြိုက်တာကတော့ Trash Metal , Heavy Metal တွေကို ကြိုက်ပါတယ်။ ဒါပေမဲ့မဆိုဖြစ်ဘူး၊ ဆိုဖြစ်တာက Modern Rock အထာတွေများတယ်။ Heavy တွေလည်းပါပါတယ်။ Show ကျရင်တော့ Heavy တွေကမပါတော့ဘူး။

မေး။ ။ BAND ရဲ့ အမည်လေးကောပြောပြပေးပါဦး BAND ရဲ့အဓိပ္ပါယ်လေးကောသိပါရစေ၊ ပြီးတော့အဖွဲ့နဲ့လုပ်တာလား တစ်ယောက်ထဲကပဲဦးဆောင်တာလား ဆိုတာလေးလည်းရှင်းပြပေးပါဦး။

ဖြေ။ ။ Band ရဲ့နာမည်ကတော့ STATE OF ASH(SOA) ပါ၊ အဓိကကတော့ Until We ကြမည်၊ အမှုန့်ကစကျတော်တို့ အမှုန့်ပြန်ဖြစ်တဲ့ အထိ Rock ဂီတကို ဆက်လုပ်နေမယ်ဆိုတဲ့ သဘောပါ။

မေး။ Band Group လိုက်လုပ်ကြတာလား။

ဖြေ။ ဟုတ်ကဲ့ Group လိုက်လုပ်ကြတာပါ။

မေး။ ။ မောင်လေးကဘယ်အပိုင်းကိုတာဝန်ယူထားတာလဲ။

ဖြေ။ ။ကျတော် တာဝန်ယူထားတဲ့အပိုင်းကပိုများပေမဲ့ ကျန်တဲ့လူတွေကလည်းအရေးကြီးပါတယ် ခင်ဗျား။

မေး။ ။ ဖန်တီးတဲ့နေရာမှာ Player တွေရဲ့ အရေးပါမှုကိုကောပြောပြပေးပါဦး။

ဖြေ။ ။ ကျတော်တို့က ဂီတကို ဖန်တီးချင်တာပါ၊ ဖန်တီးတဲ့ နေရာမှာ Player တွေကအရမ်းအရေးကြီးပါတယ်။ သီချင်းဆိုရုံ သက်သက်ဆိုရင်တော့ Session Player တွေနဲ့ပဲ တီးမှာပေါ့။ ကျတော်တို့က ဖန်တီးချင်တာ၊ အားလုံးက အကောင်းဆုံးပေးဆပ်ကြတာ၊ ဝတ်ကျေတန်းကျေတော့မပါဘူး၊ အဲဒါ Band ဆိုတဲ့ အစုအဖွဲ့ကိုကျတော်တို့လိုအပ်တဲ့ အကြောင်းအရင်းပဲ။ Singer ဖြစ်ချင်တာ မဟုတ်ဘူး၊ ဖန်တီးနိုင်တဲ့



Musician တစ်ယောက်ဖြစ်ချင်တာ။

မေး။ ။ Own Tune တစ်ပုဒ်ကို ဆိုပြီးပေါက်သွားတာနဲ့ သူများသီချင်းဆိုပြီးတော့ပေါက်သွားတဲ့ ဟာမျိုးဆိုရင် ဘယ်လိုမျိုးကွာခြားမှု ရှိမယ်လို့ထင်လဲ။

ဖြေ။ ။ ကိုယ်ပိုင်ဖန်တီးပြီးထွက်လာနိုင်တာကပိုပြီးလိပ်ပြာ သန့်တာပေါ့။ ဂီတတစ်ခေတ်ကို Revolution လုပ်ခဲ့ကြတဲ့ လူတွေကိုသမိုင်းမှာ ကြည့်ရင် အသံကောင်းတာ မကောင်းတာထက်ဖန်တီးမှုအားကောင်းတဲ့သူတွေပဲ တွေ့ရမှာပါ။ သူများသီချင်းပြန်ဆိုရတာ အရမ်းသက်သာတယ် လို့မြင်တယ်။ သူ့ဖန်တီးမှုမပါတဲ့အရာတစ်ခုကိုဝင်ခံစားကြည့်ပြီးအသံကောင်းကောင်းနဲ့ဝင်ဆိုရင်အိုကေတယ်လေ။ အသံကောင်းတဲ့သူတွေက အရမ်းများတယ်၊ ဘေးပါတ်ဝန်းကျင်မှာတင်အများကြီးအခုလူတွေရဲ့ပြဿနာက ဖန်တီးဖို့အားမထုတ်ကြတာပဲ၊ ခေတ်ကလည်းပေါက်ပြီးသားသီချင်းတစ်ပုဒ်ကို ကောင်းအောင်ဆိုပြရုံနဲ့အလုပ်ဖြစ်နေတာလေ။အဲတော့ ဖန်တီးဖို့ အားမစိုက်ကြတော့တာ၊ဒါပေမဲ့ သူဇာတ်နဲ့သူတော့ ဟုတ်နေတာပဲ၊ တကယ်ဖန်တီးပြီး ချပြချင်တဲ့သူတွေက ဘေးရောက်နေတာများတယ်၊ကိုယ့်ခံယူချက်နဲ့ကိုယ် ဆိုတော့နောင်တရစရာတော့မရှိဘူး၊ကျနော်ကတော့ခံယူချက်ခိုင်ခိုင်မာမာမရှိတဲ့သူတွေကို သနားတယ်၊ သူတို့လည်းကိုယ့်ကိုပြန်သနားကြတယ်။

မေ။ ။ တခြား အဆိုတော်တွေနဲ့ကောတွဲဖက်ပြီးသီဆိုခဲ့တာတွေရှိလား။ ရှိရင်ပြောပြပေးပါဦး။နယ်ရှိုးပွဲတွေကောဆိုဖူးလား၊ ဆိုဖို့ကောအစီအစဉ်ရှိလား။

ဖြေ။ ။ တခြားအဆိုတော်တွေနဲ့တော့တွဲမဆိုဖြစ်ဘူး၊ Show မှာတော့တစ်ခါဆိုဖူးတယ်။ ကိုရေမွန် (Idiots ) နဲ့ပါ သူတို့နဲ့အတူ သီချင်းတစ်ပုဒ်ဆိုဖြစ်တယ်၊ Show မှာပါ၊အမှတ်တရပါပဲ။ Show သုံးပွဲလောက် အတူတီးဖူးတယ် IDIOTS နဲ့ Show တွေကတော့ ရန်ကုန်မှာပဲတီးဖြစ်ဆိုဖြစ်တယ်။ အဝေးဆုံးဆိုဖြစ်တာပဲခူး ပဲရှိသေးတယ်၊နယ်ပွဲတွေရှိရင်အတတ်နိုင်ဆုံးသွားမှာပါ။

မေး။ ။အဆိုတော်တွေထဲမှာဘယ်သကိုအကြိုက်ဆုံးလဲ။ World Wide Band အဆိုတော်တွေထဲမှာကော ဘယ်သူ့ကို အကြိုက်ဆုံးဆုံးလဲ။

ဖြေ။ ။ ကြိုက်တာတွေကအများကြီးပဲ IC ကအဆိုတော်တွေရော၊ အတီးသမားတွေကိုရော ကြိုက်တယ်ပြီးတော့ IDIOTS ကိုလည်းကြိုက်တယ်။ World Wide Band တွေထဲကဆိုရင် Metallica က အကြိုက်ဆုံးပဲ။ James က Lars ဖန်တီးထားတာ ကောင်းသလို Band ကို နှစ်ပေါင်းသုံးဆယ်လောက်အကောင်းဆုံးထိန်းထားနိုင်တာကို သဘောကျတယ်၊ အဲဒါကမလွယ်ဘူး။

မေး။ ။ ဒီ Music ကိုစလုပ်တဲ့အချိန်မှာပံပိုးပေးတဲ့သူတွေကောရှိလား။

ဖြေ။ ။ ဟုတ်၊စလုပ်တဲ့အချိန်ပံပိုးပေးတဲ့သူတွေကတော့ သူငယ်ချင်းတွေပါပဲ။ ကျတော်တို့မှာ အုပ်စုလိုက်ကြီးရှိတယ်၊ဘော်ဒါတွေလေ၊ ဒုက္ခကိုဝိုင်းသယ်ပေးနေတာ နှစ်ပေါင်းမနည်းတော့ဘူး။ မိဘဆီကတော့ အားနာလို့ အကူအညီတတ်နိုင်သလောက် မတောင်းဘူး၊ မငယ်တော့ဘူးလေ၊ ကိုယ်ကဘာမှပြန်မလုပ်သေးနိုင်တဲ့အပြင် ကိုယ့် အပူတွေသွားပေးနေရင်မကောင်းဘူးလေ၊ အကိုတွေအမတွေကိုလည်း အားနာတယ်။ ဒါပေမဲ့ သူတို့ကိုတော့ မုန့်ဖိုးတောင်းနေတုန်းပဲ၊

မေး။ ။အချစ်ရေး၊ အိမ်ထောင်ရေးကောစဉ်းစားနေတာ ရှိပြီလား။

ဖြေ။ ။ အိမ်ထောင်ပြုတယ်ဆိုတာဘာမှန်းခုထိ ဝင်မလာသေးဘူး၊လုပ်ချင်တာအေးဆေးလုပ်ရတာ ပိုသဘောကျတယ်။

မေး။ ။ အနုပညာလှုပ်ရှားမှုတွေမှာ ဘယ်လိုအခက်အခဲကြုံရလဲ။

ဖြေ။ ။ အခက်ခဲတွေကတော့အများကြီးပဲ အဆင့်လိုက်ပေါ့ သီချင်းရေးပြီးတာနှင့် တီးဖို့အတွက် Player တွေစုရတယ်။ Arrangement တွေလုပ်ရတယ်။နောက်တီးပြီးဆိုပြီးမှ Mixing & Mastering မှာလဲတော်တော်ကြာပါတယ်။အဲလိုနှင့်သီချင်းလေးတွေစုပြီးလာတာနှင့် show ဆိုနိုင်ဖို့ ကြိုးစားရတယ်စစချင်းတုန်းကဆို ကိုယ့်ပိုက်ဆံကိုယ်စိုက်ပြီး show မှာဝင်ဆိုရတာအရမ်းဆိုချင်တီးချင်တော့လည်း ကြိုးစားရတာပေါ့။အဲလိုနှင့်ခုတော့နည်းနည်းအိုကေလာပါပြီ။နောက်အခက်ခဲကတော့ ခုထိမကျော်ဖြတ်နိုင်သေးဘူး။ Solo album ထွက်ချင်တာခုထိ ကိုမထွက်နိုင်သေးဘူးသီချင်းတွေက တီးပြီးဆိုပြီးတာတော်တော်ကြာပြီ။အဲဒါကိုအမြန်ဆုံးထွက်ချင်နေပြီ။ ဒီနှစ်လည်း မထွက်နိုင်သေးပြန်ဘူး ထင်ပါတယ်။ အဲဒါနှင့်ပဲကိုယ်နိုင်တဲ့ GroupAlbum တွေပဲလုပ်ဖြစ်နေတယ်။ အခက်အခဲတွေကတော့ အကုန်ပြောရင်မိုးလင်းသွားမှာ။တော်တော်ကိုများတာ။ဒါပေမယ့် ဘယ်အရာမှလွယ်လွယ်မရဘူးဆိုတာကို ကျနော်နားလည်ထားပါတယ်။ဘဝ မှာလူတိုင်း Risk တစ်ခုတော့ယူခဲ့ရတာချည်းပဲလေ။အဲဒီတော့ ဒီအခက်အခဲတွေလည်း တစ်နေ့ကျကျော်ဖြတ်နိုင်မယ်လို့ယုံကြည်ပါတယ်။

မေး။ ။ ဒီအနုပညာ လုပ်နေတဲ့အချိန်သင်ပေးတဲ့ဆရာတွေကော

ဖြေ။ ။သင်ပေးတဲ့ ဆရာတွေတော့ သေချာမရှိဘူး၊မြင်ဆရာ ၊ကြားဆရာတွေတော့ မရေမတွက်နိုင်ဘူး။

မေး။ ။ မောင်လေးရဲ့အနုပညာလှုပ်ရှားမှု အပိုင်းလေးတွေမှာ အမှတ်အရဆုံး အဖြစ်အပျက်လေး တစ်ခု–လောက် ပြောပြပေးပါလား။

ဖြေ။ ။ အမှတ်ရစရာတွေတော့ အများကြီးပဲ၊ လုံးဝ အစိမ်းသက်သက်နဲ့ ဒီလောကထဲကိုစဝင်တော့ မထင်မှတ်ထားတဲ့ သူတွေက ကူညီကြတယ်၊ ၂၀၁၄ တုန်းက တို့ပွဲမှာ ဆိုခဲ့ရတာခုထိပြန်တွေးတိုင်းပျော်တယ်၊ငယ်ငယ်က မျှော်စဉ်ကျွန်းထဲမှာ Show တွေသွားကြည့်ရင်း အဲဒီ State ပေါ်မှာဆိုဖို့တီးဖို့ အိမ်မက်မက်ခဲ့တာတွေပထမဆုံးဖြစ်လာတာကိုးအရမ်း ရင်ခုန်ခဲ့ရပါတယ်၊ နောက်ပိုင်းဦးဇော်ဝင်းထွဋ်နဲ့ ထပ်ဆိုဖြစ်ပါသေးတယ်၊မှတ်မှတ်ရရပါပဲ။

မေး။ ။အခုဆိုရင်အောင်သာလိန်းထန်းကိုအားပေးနေတဲ့ ပရိတ်သတ်တွေတော်တော်များများရှိနေပါပြီ၊ မောင်လေးကိုအားပေးနေတဲ့ ပရိတ်သတ်တွေကိုကောဘာတွေပြောစရာ ရှိသေးလဲ။

ဖြေ။ ။ အားပေးတဲ့သူတွေကိုအထူး ကျေးဇူးတင်ပါတယ်၊ ကျနော့်ကိုအားပေးတယ်၊ကြိုက်တယ်လို့ဘယ်သူ့ရှေ့မှာပြောပြော မျက်နှာမငယ်ရအောင်လို့ အမြဲ အကောင်းဆုံးကြိုးစားနေပါတယ်၊

မေး။ ။ အခုအဆိုတော်ဖြစ်ဖို့ ကြိုးစားနေတဲ့မျိုးဆက်သစ်လေးတွေကိုကောလက်တွဲခေါ်ဖို့အစီစဉ်ရှိလား။

ဖြေ။ ။ဟုတ်ကဲ့ကျနော် အခုလုပ်နေတဲ့အခွေထဲမှာလည်း မင်းတပ်ကကျနော်အားရတဲ့သူကိုခေါ်ပြီးထည့်ထားပါတယ်။ သူလည်း တော်တော်မိုက်တယ်၊ ခွေထွက်လာရင် အားပေးကြပါဦးလို့ပြောချင်ပါတယ်။ လာမည့် နိုဝင်ဘာလမှာ BO BO Entertainment ကနေဖြန့်မှာပါ။

မေး။ ။ နောက်ပိုင်းမှာကိုယ့်လူမျိုးအတွက်အကျိုးရှိမည့် ပညာပေးသီချင်းတွေ သီဆိုရမယ်ဆိုရင်လက်ခံမှာလားသိပါရစေ။

ဖြေ။ ။ လုပ်ရမှာပေါ့၊ ကိုယ့်လူမျိုးအတွက်ဆို အမြဲအသင့်ပါပဲ။ တစ်ခုပဲ အလုပ်ကိုအလုပ်နဲ့ တူအောင်လုပ်တာမျိုးဆို အမြဲ Welcome ပါ။

# ပထမကမ္ဘာစစ်ကြီးအတွင်း ပြင်သစ်စစ်မြေပြင်တွင် အမှုထမ်းခဲ့ကြသော ချင်းအမျိုးသားများ၏သမိုင်း အပိုင်း (၁)

Salai Van Cung Lian (UK)

ပထမကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားလာသည့်အချိန်တွင် ပြင်သစ်စစ်မြေပြင်၌ စစ်မှုထမ်းခဲ့ကြသည့် ဗြိတိသျှစစ်တပ်များသည် အလုပ်ကြမ်းအလုပ်များကို ဗြိတိသျှစစ်သားများမှ လုပ်ဆောင်ခဲ့ကြသည်။ ၁၉၁၄ ခုနှစ် ဩဂုတ်လအချိန်ထိ ဗြိတိသျှတပ်မတော်အတွင်း အလုပ်ကြမ်းများလုပ်ကိုင်မည့်အဖွဲ့၊ တပ်ဖွဲ့များသီးသန့်ဖွဲ့ထားခြင်းမရှိခဲ့ချေ။ ထိုအချိန်တွင်အလုပ်ကြမ်းအလုပ်များကို Pioneer Battalions များမှလုပ်ဆောင်ခဲ့ကြသည်။ ဗြိတိသျှတပ်မတော်အတွင်းရှိ တပ်မ (Division) တိုင်းတွင် Pioneer တပ်ရင်းကိုယ်စီရှိကြသည်။ တချို့တပ်ရင်းကြီး(Reigment)အတွင်းတွင် အလုပ်ကြမ်းတပ်ဖွဲ့သီးသန့်ဖွဲ့ထားခဲ့ကြသည်။ သို့သော် စစ်ကြီးရှည်ကြာလာသည်နှင့်အမျှ အလုပ်ကြမ်းအလုပ်များအတွက် အလုပ်သမားသီးသန့်လိုအပ်မှန်း ဗြိတိသျှဗိုလ်ချုပ်များ နားလည်လာခဲ့ကြသည်။ စစ်တိုက်နိုင်မည့် သူများကိုအလုပ်ကြမ်းလုပ်ခိုင်းရင်း စစ်တပ်အင်အားလျော့နည်းလာသည့်အဖြစ်ကို ပြင်ဆင်ရန်ကြိုးပမ်းလာခဲ့ကြသည်အလုပ်ကြမ်းအလုပ်များဖြစ်သည့်လမ်း၊ ရထားလမ်းများဆောက်လုပ်ခြင်း၊ပြင်ဆင်ခြင်း၊လက်နက်ပစ္စည်းများသယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊သင်္ဘောကျင်းများတွင် လုပ်ကိုင်ခြင်း ကုန်တင်ကုန်ချအလုပ်၊ကျဆုံးသည့်စစ်သားများမြေမြှုပ်ခြင်း၊ ကတုတ်ကျင်းတူးခြင်း၊ ယာယီအိမ်များဆောက်လုပ်ခြင်း၊သစ်တောလုပ်ငန်း နှင့် ကျောက်မီးသွေးလုပ်ငန်းများလုပ်ကိုင်ခြင်းစသည့်အလုပ်များအတွက် အလုပ်သမား (Unskilled Labour) များစုစည်းရန်တို့ကို ဗြိတိသျှစစ်ရုံးချုပ်မှ စီစဉ်ခဲ့ကြသည်။

ပထမကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံတွင် စစ်မှုထမ်းခဲ့သည့်အိန္ဒိယတပ်မှူး (Indian Corps in France) မှ ၁၉၁၅ ခုနှစ် စက်တင်ဘာလမှစတင်၍ အလုပ်သမားတပ်ခွဲသီးသန့်ဖွဲ့စည်းလာခဲ့ကြသည်။ အလုပ်သမားများအားဗြိတိသျှနိုင်ငံအတွင်းလုံလောက်မှုမရှိသည့်အတွက်ဗြိတိသျှအင်ပါယာအတွင်းမှအလုပ်သမားများစုဆောင်းရန်အကြောင်းဖန်လာကြသည်။ ထို့ကြောင့် ဗြိတိန်စစ်ရုံးချုပ်မှ အလုပ်သမားဦးစီးဌာန (The Labour Directorate) ဖွဲ့စည်းရန် ၁၉၁၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင်အတည်ပြုခဲ့ကြသည်။ ၁၉၁၇ ခုနှစ် ဇန်နဝါရီလမှစတင်၍အလုပ်သမားတပ်မကြီး (Labour Corps) ကိုစတင်ဖွဲ့စည်းလာခဲ့ကြသည်။အလုပ်သမားတပ်ပေါင်းစုကြီး (Labour Corps)နှင့် အလုပ်သမားတပ်ရင်း (Labour Battalion) များဖွဲ့စည်းသည့်အကြောင်းကို တရားဝင်အမိန့်(ဗမာပဥမိနမ ၈၅) အဖြစ်ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။ အလုပ်သမားဦးစီးဌာန (The Labour Directorate) ဖွဲ့စည်းသည့်နောက်ပိုင်းတွင်အလုပ်သမားနှင့်ပက်သက်သည့် လုပ်ငန်းများအားလုံးအလုပ်သမားဦးစီးဌာနမှကြီးကြပ်လာခဲ့သည်။ ၁၉၁၇ ခုနှစ် အတွင်း ဗြိတိသျှအလုပ်သမားဦးရေမှာ ၈၂၀၀၀ မှ ၁၅၀၀၀၀ အထိ၊ စစ်သုံ့ပန်းဦးရေ ၂၀၀၀၀ မှ ၇၀၀၀၀အထိ၊ ဗြိတိသျှအင်ပါယာအတွင်းမှ အလုပ်သမားဦးရေ ၂၈၀၀ မှ ၁၄၅၀၀၀ အထိတိုးပွားလာခဲ့ပါသည်။ ပထမစစ်ကုန်ဆုံးချိန်အထိ စစ်မြေပြင်တွင် အမှုထမ်းသည့် အလုပ်သမား ၃၈၉၀၀၀ ဦးကျော် ရှိခဲ့သည် (No Labour, No Battle (Milatary Labour During the First World War) by John Starling and Ivor Lee), ၁၉၁၇ ခုနှစ် ဇန်နဝါရီလတွင်အိန္ဒိယမော်ကွန်းထိန်း(Secretary of State for India)က အိန္ဒိယဘုရင်ခံထံသို့ပြင်သစ်စစ်မျက်နှာအတွက် အလုပ်သမားများ အိန္ဒိယနိုင်ငံမှပို့ဆောင်ပေးရန်ညွှန်ကြားခဲ့သည်။ ဗြိတိသျှစစ်တပ်ထဲတွင် အိန္ဒိယစစ်သားအမြောက်အမြား ပြင်သစ်စစ်မျက်နှာသို့ တိုက်ပွဲဝင်ခဲ့ပြီးဖြစ်သည်။ ချင်းတောင်တပ်ရင်း (Chin Hills Battalion)မှ ဂေါ်ရခါးစစ်သား ၁၀၁ ဦး၊ ဂါဝါလီစစ်သား ၁၁၇ ဦးနှင့် ဆိခ်တ်အမျိုးသား ၅၈ ဦးတို့သည်လည်း ပြင်သစ်နိုင်ငံရှေ့တန်းတွင် တိုက်ပွဲဝင်ရင်း ၄င်းတို့ထဲမှ ၅၆ ဦးအသက်ဆုံးရှုံးခဲ့ကြရသည်။ ၁၉၁၇ ခုနှစ်တွင် ချင်းပြည်နယ်တွင် ချင်းတောင်တပ်ရင်းရှိခဲ့ပြီးဖြစ်သည်။ သို့သော်လည်းပဲတပ်သားအများစုမှာ ဂေါ်ရခါး၊ ဆိတ်ခ်နှင့်ကူမာနီအိုစသည့်လူမျိုးများမှကြီးစိုးခဲ့ပါသည်။ ထို့ကြောင့် အလုပ်သမားများစုဆောင်းရန်အတွက် ဗြိတိသျှစစ်တပ်ထဲတွင် ဝင်ရောက်ခြင်းမရှိသည့်အိန္ဒိယဘုရင်ခံထိန်းချုပ်သည့် နယ်ပယ်များဖြစ်ကြသော United Provinces, Bihar and Orissa, Assam, North West Frontier, Bengal နှင့် Burma (Myanmar) စသည့် နယ်ပယ်ဒေသများမှ အလုပ်သမားများစုဆောင်းရန်အမိန့်ထုတ်ခဲ့ကြသည်။ ထိုဒေသမှအလုပ်သားများစုဆောင်းပြီးအိန္ဒိယအလုပ်သမားတပ်မကြီး (The Indian Labour Corps) ဖွဲ့စည်းရန်ဖြစ်သည်။ တပ်မကြီး၏ အလုပ်သမားအကြပေးအရာရှိအဖြစ် အိန္ဒိယအစိုးရရုံးမှ Lt. Col. Lord Ampthill ကို ၁၉၁၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ခန့်အပ်ခဲ့ကြသည်။ Lt. Col. Lord Ampthill သည်အလုပ်သမားတပ်များ၏ဖွဲ့စည်းပုံကို ပြန်လည် သုံးသပ်ပြီး ပြင်ဆင်ပြောင်းလဲရန်တင်ပြခဲ့သည်။ တပ်မကြီး (Corps) တစ်ခုတွင်လုပ်သား ၂၀၀၀ ကျော်ပါဝင်သည်။ သို့သော် တပ်မကြီးကိုကြီးကြပ်ရန် အရာရှိသုံးဦးသာ လျာထားသည့်အတွက်လုံလောက်မှုမရှိကြောင်းတင်ပြခဲ့သည်။ ထို့ကြောင့် အလုပ်သမားဦးစီးဌာနမှ အလုပ်သမားတပ်ရင်းများ၏ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ခဲ့ကြသည်။ တပ်မကြီး (Corps) တစ်ခုတွင်တပ်ခွဲ (Company) လေးခုပါဝင်ရန်၊ တပ်ခွဲတစ်ခွဲတွင် လုပ်သား ၅၀၀ ပါဝင်ရန်နှင့်ကိုယ်စီကွပ်ကဲအုပ်ချုပ်သူထားရှိရန်၊ တပ်ခွဲတစ်ခွဲတွင်တပ်စု (Platoon) လေးစု ပါဝင်ရန် စသည်ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ကြသည် (No Labour, No Battle (Milatary Labour During the First World War) by John Starling and Ivor Lee. Pg. 258).

### အလုပ်သမားများစာချုပ်

အလုပ်သမားများစုဆောင်းခဲ့ရာတွင် စုဆောင်းပုံ၊စုဆောင်းနည်း၊ အလုပ်သမားများအတွက် မက်လုံးကတိပေးခဲ့သည့်အချက်များတစ်နေရာနှင့်တစ်နေရာ တူညီခြင်းမရှိခဲ့ချေ။ အလုပ်သမားများအားလုံး ပြင်သစ်စစ်မြေပြင်တွင် အမှုထမ်းရန်အတွက် ဗြိတိသျှအာဏာပိုင်များနှင့် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်ထဲတွင် အဓိကအားဖြင့်အလုပ်သမားများ ရရှိမည့်လစဉ်လုပ်ခနှင့်အမှုထမ်းရမည့်ကာလများပါဝင်သည်။ အိန္ဒိယတပ်မကြီး၌ပါဝင်သည့်အလုပ်သမားအများစုတို့၏စာချုပ်ထဲတွင်အမှုထမ်းကာလအဖြစ်တစ်နှစ် (သို့) စစ်တွင်းကာလဟူ၍ပါဝင်သည်။ အကယ်၍ စစ်ကြီးသည်ယင်းတို့လုပ်သက်တစ်နှစ် မပြည့်မီ ပြီးဆုံးခဲ့သည်ရှိသော် ယင်းတို့နေရပ်ဌာနေသို့ ပြန်သွားကြမည်ဖြစ်သည်။အကယ်၍လုပ်သက်တစ်နှစ်ပြည့်သည့်အချိန်တွင်စစ်ကြီးမပြီးဆုံးသေးခဲ့သည်ရှိ သော်ငြားလည်း လုပ်သက်တစ်နှစ်ပြည့်ပြီဖြစ်သည့်အတွက်ကြောင့် သူတို့နေရပ်ဌာနေသို့ပြန်သွားကြမည်ဟူ၍ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ သို့သော်ထိုစာချုပ်ထဲတွင် ပါဝင်သည့်အချက်အလက်များအပေါ် ရှင်းရှင်းလင်းလင်းမရှိခဲ့သည့်အတွက် နောက်ပိုင်းတွင် ပြဿနာများဖြင့်ရင်ဆိုင်ကြုံတွေ့ ခဲ့ကြသည်။

### အလုပ်သမားများအမှုထမ်းကာလ

အလုပ်သမားများအမှုထမ်းကာလစတင်သည့်အချိန်တွင် နားလည်မှုကွဲလွဲသွားခဲ့သည်။ အမှုထမ်းသည့်ကာလစတင်ချိန်သည် အလုပ်သမားများနေရပ်ဌာနေမှထွက်ခွာသွားသည့်အချိန်မှအစပြုသလော။ သူတို့ပြင်သစ်နိုင်ငံစရောက်သည့်အချိန်မှအစပြုသလော ဆိုသည့်အချက်အလက်အပေါ် မသဲကွဲသည့်အတွက်နောက်ပိုင်းတွင်အလုပ်သမားများ ဆန္ဒပြလာသည်အထိဖြစ်ပေါ်လာခဲ့သည် (No Labourç No Battle (Milatary Labour During the First World War) by John Starling and Ivor Lee. Pg. 258)/

### တီးတိန်မြို့နယ်တွင် လုပ်သားများစုဆောင်းခြင်း

၁၉၁၇ ခုနှစ် ဇန်နဝါရီလတွင် မော်လိုက်အရေးပိုင်မင်း (Deputy Commissioner of Mawlaik) သည် ချင်းပြည်နယ်(မြောက်ပိုင်း)တွင်အိန္ဒိယအလုပ်သမားတပ်မကြီးအတွက် လုပ်သားစုဆောင်းခြင်းများ စတင်ဆောင်ရွက်လာခဲ့သည်။ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်မြို့နယ်မှလုပ်သား ၁၀၀၀ ရရှိရန်အတွက် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်လာခဲ့သည်။ အလုပ်သမားများအား စည်းရုံးရာတွင်အဓိကအချက်အဖြစ်အလုပ်သမားတိုင်း လုပ်ခရရှိမည်၊ အကယ်၍ အသက်ဆုံးရှုံးခဲ့သည်ရှိသော် နစ်နာကြေးရရှိမည်၊ တိုက်သူကြီးထံသို့ သွင်းရသည့် အခွန်တော်နှင့် လုပ်အားပေးခိုင်းစေခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်စသည်ဖြင့် အလုပ်သမားများအားစည်းရုံးခဲ့သည်။ သို့သော်လည်း ချင်းအမျိုးသားများသည် ပြင်သစ်နိုင်ငံသို့ အမှုထမ်းရန် ငြင်းဆန်ခဲ့ကြသည်။ ချင်းလူမျိုးအများစုမှာကလေးချိုင့်ဝှမ်းကိုပင် မသွားခဲ့ကြသူများဖြစ်၍ ပြင်သစ်နိုင်ငံအထိ စစ်မှုထမ်းရမည့်အရေးမှာကြီးမားသည့်အပြောင်းအလဲဖြစ်သည်။ ထို့အပြင် တိုင်းတစ်ပါးတွင် အသက်ဆုံးရှုံးပြီးအလောင်းအား မိသားစုမှသဂြိုဟ်နိုင်ခြင်းမရှိမည်ကိုလည်းစိုးရိမ်ကြသည်။

ချင်းလူမျိုးတို့သည် ကြွင်းကျန်ရှပ်ကလာပ်များအားတန်ဖိုးထား တာဝန်ယူတတ်သောလူမျိုးများဖြစ်သည်။ သို့သော် ဗြိတိသျှအစိုးရသည် အာဏာပိုင်များဖြစ်သည်နှင့်အမျှ သူတို့၏တောင်းဆိုချက်ကို လိုက်လျောခဲ့ရသည်။ ထိုအချိန်ကဗြိတိသျှအစိုးရသည် ချင်းပြည်နယ်ကို တိုက်သူကြီး၊ ရွာသူကြီးများမှတစ်ဆင့် အုပ်ချုပ်ခဲ့ကြသည်။

# (စာ– ၇ မှ) ပထမကမ္ဘာစစ်ကြီးအတွင်းပြင်သစ်စစ်မြေပြင်တွင် ချင်း...............

တိုက်သူကြီးများမှတစ်ဆင့် အလုပ်သမားစုဆောင်းရေးအတွက် ဗြိတိသျှအာဏာပိုင်များကိုယ်စား လုပ်ဆောင်ခဲ့ကြသည်။ တီးတိန်နယ်တွင် ကမ်ဟောင်(Kamhau) တိုက်သူကြီး Pu Hau Cin Khup က ဦးဆောင်၍ အလုပ်သမားအများစုကို စုဆောင်းပေးခဲ့သည်။ သူ့အား Pu Don Tual,Pu Pau Khaw Mang တို့ မှကူညီပြီးရှာဖွေပေးခဲ့သည်။ ဒေသခံများ၏မှတ်တမ်း (Piancit Piana Thu 1917-1918 by VTThawn published in Zolas Journal No.16, 2012) အရ Pu Hau Cin Khup အုပ်ချုပ်သည့် Kamhau နယ်မှလုပ်သား ၇၀၀၊ စုတ်တဲ (Sukte)နယ်မှလုပ်သား ၂၅၀နှင့်စီးယင်း (Sizang) နယ်မှလုပ်သား ၈၃ ဦးတို့ပြင်သစ်နိုင်ငံသို့အလုပ်ကြမ်းသွားရောက်လုပ်ကိုင်ရန်စာရင်းပေးသွင်းခဲ့ကြသည်။ တီးတိန်နယ်မှလုပ်သား ၁၀၀၀ ဦးကျော် စုစည်းနိုင်ခဲ့သည့်အတွက် ဗြိတိသျှအာဏာပိုင်တို့သည်လွန်စွာဝမ်းသာကြသည်။ The Report for Administration of Chin Hills for the year of 1917-1918 ထဲ၌ 'ချင်းပြည်မြောက်ပိုင်းတွင် အသက် ၂၀ နှင့် ၄၀ ကြားအမျိုးသားဦးရေ ၅၀၀၀ ကျော်သာရှိသည့်အနက် လူတစ်ထောင်ကျော်စည်းရုံးနိုင်သည်မှာ အံ့သြစရာကောင်းသည်' ဟူ၍ မှတ်ချက်ချခဲ့သည်ကိုတွေ့ရှိနိုင်သည်။ တီးတိန်နယ်မှအလုပ်သမားများအားလုံး ပြင်သစ်နိုင်ငံသို့ အလုပ်သမားအဖြစ် တစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ကြသည်။

အလုပ်သမားစုဆောင်းရာတွင် အဓိကအခန်းကဏ္ဍမှကူညီပေးခဲ့ကြသည့် ကမ်ဟောင်တိုက်သူကြီး Pu Hau Chin Khup အား ဗြိတိသအစိုးရမှ K.S.M (ကျက်သရေဆောင်ရွှေစလွယ်ရမင်း)ဘွဲ့ဖြင့် ဂုဏ်ပြုခဲ့ကြသည်။ ဟားခါးနယ်၊စက်သာရွာမှ Pu Van Dun (Van Dwin)သည်လည်း ဗြိတိသျှအစိုးရမှ သေနတ်တစ်လက်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းခံခဲ့ရသည်။ တီးတိန်နယ်မှ တိုက်သူကြီး(Chiefs) များဖြစ်သည့် Pau Za Chin (Pow Ya Chin), Don Tual (Dok Twell) တို့ သည်လည်းလုပ်သားများရှာဖွေစုဆောင်းပေးသည့်အပြင် ၄င်းတို့ကိုယ်တိုင် ပြင်သစ်နိုင်ငံသို့လိုက်ပါသွားခဲ့ကြသည် (Report on the Administration of Chin Hills for the year ended 30th Junce 1915)/ အခြားတိုက်သူကြီးတစ်ဦးဖြစ်သည့် Pu Pau Khaw Mang လည်း လုပ်သားစုဆောင်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည်။ ထို့နောက်ချင်းတောင်တပ်ရင်း(Chin Hills Battalion) မှ ဆူဗေဒါတစ်ဦး (Subadar Mang Pum of Khuasak) အပြင် Halvildar တစ်ဦးလည်းတပ်ရင်း၏ H.QStaff တို့နှင့်အတူ ပြင်သစ်နိုင်ငံသို့လိုက်ပါသွားခဲ့သည်။ ချင်းတောင်တပ်ရင်းမှတ်တမ်းထဲတွင် Havildar He Lyen(He Lian), Za Shuan (ZaSuan) နှင့် Tun Zun တို့သည် ချင်းအလုပ်သမားတပ်မကြီး (Chin Labour Corps) နဲ့အတူ ပြင်သစ်နိုင်ငံသို့ လိုက်သွားခဲ့ကြပြီး သူတို့အား Jemadar အဆင့်သို့ ရာထူးတိုးပေးခဲ့ကြသည် (The History of the Chin Hills Battalion Military Police (The manuscript of the Chin Hills Battalion File))/

**တီးတိန်မြို့နယ်မှ ချင်းအမျိုးသားများ ပြင်သစ်နိုင်ငံစစ် မြေပြင် (Western Front) သို့ချီတက်ခြင်း**

ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်နယ်မှလုပ်သား ၁၀၃၃ ဦးသည် မြန်မာပြည်တွင်သုံးလခန့်လေ့ကျင့်ရေးသင်တန်းဆင်းခဲ့ကြသည်။ မြန်မာပြည်တွင်လည်း အလုပ်သမားစုဆောင်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြရာ ဗမာပြည်မှလည်းအလုပ်သမား ၁၀၀၀ ကျော် ပြင်သစ်နိုင်ငံသွားရန် ပြင်ဆင်ခဲ့ကြသည်။ မြန်မာပြည်မှ လုပ်သားများနှင့် ချင်းပြည်မှလုပ်သားများပူးပေါင်း၍ လုပ်သား ၂၀၀၀ ဝန်းကျင်ကို အမှတ်(၄၀)(ဗမာ) အိန္ဒိယအလုပ်သမားတပ်ပေါင်းစုကြီး 40th (Burma) Indian Labour Corps အဖြစ် နာမည်ပေးခြင်းခံရသည် (British Library Ref: IOR/L/MIL/5/738)/ မြန်မာပြည်မှအလုပ်သမားတပ်ပေါင်းစုကြီး လေ့ကျင့်ရေးသင်တန်းပြီးဆုံးပြီးနောက်ဇွန်လ ၂၃ ရက်နေ့တွင်မြန်မာပြည်မှ ပြင်သစ်နိုင်ငံဘက်သို့ထွက်ခွာခဲ့ကြသည် (The Short Career of the Indian Labour Corps in Franceç 1917–19191 by Radhika Singha)/ သူတို့၏ခရီးစဉ်မှာ ရန်ကုန်မှတစ်ဆင့် ကလ္လကတ္တားမြို့သို့၊ ထိုမှတစ်ဆင့် ရထားဖြင့် ဘုံဘေမြို့သို့၊ ထိုမှတစ်ဆင့် ဘဘော်ဖြင့် ခရီးဆက်ကြပြီးနောက် အီဂျစ်နိုင်ငံတွင်ရပ်နားခဲ့ကြပြီး ခဏတာ အလုပ်ဆင်းခဲ့ကြသည်။

အီဂျစ်နိုင်ငံတွင် အလုပ်ကြမ်းလုပ်ကိုင်ကြသည့်အကြောင်းကို "Some drafts sent for the ILC were detained for three to four months in Egypt while others worked for short periods on the Suez stretch of the passage home" ဟုမှတ်တမ်းတင်ထားသည်ကို တွေ့ရှိနိုင်ပါသည် (Lord Ampthill to Director Of Labourç December 17, 1917, IOR^L^MIL^5^738)/

ထို့နောက် အမှတ်(၄၀)တပ်ပေါင်းစုကြီး ခေါင်းဆောင်သည့် ဗိုလ်မှူးကြီး အိုဝင် (ဗမာ့တိုင်းမင်းကြီး)လည်း စူးအက်တူးမြောင်းတွင် ချင်းတပ်သား ၁၀၀၀ တို့နှင့်အတူ ကျန်ရစ်ခဲ့သည်ဟုရေးသားထားသည်ကိုတွေ့ရသည်။ The Commandant of the Corps, Col. Owens of the Burma Commission has been left behind at Suez. He has with him a thousand Chins who are a totally different class of men. အီဂျစ်နိုင်ငံမှတစ်ဆင့်ခရီးဆက်ကြပြီး အီတလီဆိပ်ကမ်းမြို့ဖြစ်သည့် တာရန်တို (Taranto) မြို့တွင်ဆိုက်ရောက်ခဲ့ကြသည်။ တာရန်တိုဟူသည့်မြို့မှာ အီတလီနိုင်ငံတောင်ပိုင်းတွင် ရှိသည့်ဆိပ်ကမ်းမြို့ဖြစ်သည်။ ထိုနေရာမှတစ်ဆင့်အလုပ်သမားများ၊ ဗြိတိသျှအင်ပါယာမှ ကုန်ကြမ်းများ၊ လက်နက်ပစ္စည်းများကို ပြင်သစ်နိုင်ငံသို့ပို့ဆောင်ခဲ့ကြသည်။ အဆိုပါမြို့သည် ရထားလမ်းကောင်းမွန်ပြီးပထဝီအရအချက်အချာကျသည့်နေရာလည်းဖြစ်သည်။ ထိုမှတစ်ဆင့် ရထားဖြင့်ပြင်သစ်နိုင်ငံ မာရ်ဆဲလ်မြို့သို့ ၁၉၁၇ ခုနှစ် ဇွန်လတွင် ရောက်ရှိခဲ့ကြသည်။ (The Short Career of the Indian Labour Corps in France1917–19191 by , Radhika Singha)

တပ်ခွဲနာမည်ပြောင်းလဲခြင်းအမှတ်(၆၁)၊ (၆၂) (ချင်း)အိန္ဒိယအလုပ်သမားတပ်ရင်း

တပ်မကြီးအကြံပေး Lord Ampthill ၏တင်ပြချက်အရ တပ်မကြီး(Corps) တစ်ခုတွင်ပါရှိသည့်လုပ်သား ၂၀၀၀ ကျော်ကို တပ်ခွဲလေးခွဲဖြင့်ဖွဲ့စည်းခဲ့ကြသည်။ တပ်ခွဲတစ်ခွဲတွင်လူမျိုး၊ မျိုးနွယ်စုအလိုက် အင်အား ၅၀၀၀န်းကျင်ပါဝင်သည့် တပ်ခွဲ (Company)များဖွဲ့စည်းခဲ့ကြသည်။ အမှတ်(၄၀) (ဗမာ)အိန္ဒိယအလုပ်သမားတပ် ပေါင်းစုကြီး40th (Burma) Indian Labour Corps အောက်တွင်ဖွဲ့စည်းခဲ့သည့်တပ်ခွဲများမှာ – အမှတ်(၅၉) (ဗမာ) အန္ဒိယအလုပ်သမားတပ်ခွဲ (59th (Burma) Indian Labour Company)အမှတ်(၆၀) (ဗမာ) အန္ဒိယအလုပ်သမားတပ်ခွဲ (60th (Burma) Indian Labour Company)အမှတ်(၆၁) (ဗမာ) အန္ဒိယအလုပ်သမားတပ်ခွဲ (61st (Burma) Indian Labour Company) အမှတ်(၆၂) (ဗမာ) အန္ဒိယအလုပ်သမားတပ်ခွဲ (62nd (Burma) Indian Labour Company) တို့ဖြစ်ကြသည်။ အမှတ်(၆၁) တပ်ခွဲတွင် စုတ်တဲ(Sukte)နှင့် စီးယင်း (Sizang) မျိုးနွယ်စုဝင်များဖြင့် ဖွဲ့စည်းထားသည်။ အမှတ်(၆၁)အလုပ်သမားတပ်ရင်းကို Captain E.O.Fowler မှဦးစီးပြီး Supervisor အဖြစ် မောင်–ဘထင် (a temporary commission in the land force of Indian native) အား ၁၉၁၇ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ခန့်အပ်ထားသည်။ အမှတ်(၆၂)တပ်ရင်းသည် ကမ်ဟောင်(Kamhau)မျိုးနွယ်စုဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အမှတ်(၆၁)အလုပ်သမားတပ်ရင်းကို Sidney John Oats (a temporary commission IARO) မှ ဦးစီးခဲ့သည်။

အမှတ်(၄၀)တပ်မကြီးအောက်တွင် မြန်မာနှင့် ချင်းလူမျိုး၌ပါဝင်သည့်အတွက် ဗြိတိသျှအာဏာပိုင် များအတွက် အခက်အခဲရှိလာခဲ့သည်။ ထို့ကြောင့် ချင်းနှင့် မြန်မာခွဲခြားနိုင်ရန်အတွက် တပ်ခွဲနာမည်အား ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍တပ်ခွဲနာမည်တွင် မြန်မာအစား ချင်းအဖြစ်အစားထိုးပြီးပြောင်းလဲလာခဲ့ကြသည်။ ၁၉၁၇ ခုနှစ် နိုဝင်ဘာလမှ အမှတ်(၄၀) ဗမာ့တပ်မကြီးအား အောက်ပါတပ်ခွဲများဖြင့် ဖွဲ့စည်းခဲ့ကြသည် (British Library Ref: IOR/L/MIL/7/183 -02)/

အမှတ်(၅၉) (ဗမာ) အိန္ဒိယအလုပ်သမားတပ်ခွဲ (59th (Burma) Indian Labour Company)

အမှတ်(၆၀) (ဗမာ) အိန္ဒိယအလုပ်သမားတပ်ခွဲ (60th (Burma) Indian Labour Company)

အမှတ်(၆၁) (ချင်း) အိန္ဒိယအလုပ်သမားတပ်ခွဲ (61st (Chin) Indian Labour Company)

အမှတ်(၆၂) (ချင်း) အိန္ဒိယအလုပ်သမားတပ်ခွဲ (62nd (Chin) Indian Labour Company)

ဒေသခံများ၏သမိုင်းမှတ်တမ်း (Piancit Piana Thu 1917-1918 by VTThawn published in Zolas Journal No.16ç 2012) များအရ အမှတ်(၆၁) နှင့်(၆၂)အလုပ်သမားတပ်ရင်းသည် Bikot Biscount Camp နှင့် Brazil Camp တို့တွင်စခန်းချပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟူ၍တွေ့ရှိနိုင်ပါသည်။ သို့သော်လည်းပဲ စာရေးသူလက်လှမ်းမီသရွေ့ သုတေသနပြုလုပ်ရာတွင်ထိုအချက်အလက်များကို တွေ့ရှိနိုင်ခြင်းမရှိခဲ့ချေ။ Bikot နှင့် Brazil Camp တို့၏တည်နေရာလည်းသက်သေထူနိုင်ခြင်းမရှိခဲ့ပါ။ စာရေးသူသုတေသနပြုလုပ်ရာတွင်ချင်းအလုပ်သမားတပ်ခွဲများ ပြင်သစ်နိုင်ငံသို့အမှုထမ်းစဉ်ကာလမှ အဖြစ်အပျက် တချို့ကို Lt.Gen. Sir H.V. Co_ (Military Secretary at the India Office)လေ့လာရေးမှတ်တမ်းထဲတွင် အနည်းငယ်တွေ့ရသည်။ Gen. Co သည်အလုပ်သမားများစာ

## (စာ– ၇ မှ) ပထမကမ္ဘာစစ်ကြီးအတွင်းပြင်သစ်စစ်မြေပြင်တွင် ချင်း..............

ချုပ်အခြေအနေဆွေးနွေးရန်အတွက် ၁၉၁၈ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၈ ရက်နေ့အထိအလုပ်သမားတပ်ခွဲများအား အလည်အပတ်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သွားရောက်လည်ပတ်ရာ ၁၉၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ချင်းတပ်ခွဲ အမှတ်(၆၁) နှင့်(၆၂)တို့အားသွားရောက်လည်ပတ်ခဲ့သည်။ ချင်းတပ်ခွဲများနှင့်ပက်သက်၍ Gen. Co_ က “ကျွန်တော်နဲ့ Lt.Col. Lord Ampthill (Indian Labour Advisor) ဟာ ၁၉၁၈ ခုနှစ် မတ်လ ၇ ရက်နေ့မှာ Abbeville မြို့တောင်ဘက် မိုင်(၃၀)လောက်မှာရှိတဲ့ Abancourt Camp ကိုခရီးဆက်ခဲ့ရပါတယ်။ အမှတ်(၆၁)နဲ့(၆၂)ချင်းတပ်ရင်းတွေဟာ Captain Rumballနဲ့ Captain Fowlerတို့ကဦးစီးပါတယ်။ ကျွန်တော်တွေ့ခဲ့ရတဲ့ ချင်းလုပ်သားတွေဟာ စစ်သားတွေအတိုင်းပဲ မတ်တပ်ရပ်ပြီး ချီတက်တာတွေ့ရတယ်။ ပုံမှန်စစ်တပ်ထဲက စစ်သားတွေလိုပဲချီတက်ကြတယ်။ ရာသီဥတုကောင်းတဲ့အတွက် အကုန်လုံးရှေ့မှာကျွန်တော်မိန့်ခွန်းပြောနိုင်ခဲ့တယ်။ ကျွန်တော်ပြောတာနားလည်တဲ့သူမရှိသလောက်ဖြစ်တဲ့အတွက်ဘာသာပြန်ကနေတစ်ဆင့်ဘာသာ ပြန်ပေးရတယ်။ ချင်းတပ်ရင်းတွေဟာရထားကနေသယ်ဆောင်လာတဲ့စစ်အသုံးဆောင်ပစ္စည်းတွေ၊ စစ်လက်နက်တွေကိုအတင်၊ အချသယ်ဆောင်တဲ့ အလုပ်တွေလုပ်ရတယ်။ ပြင်သစ်နိုင်ငံရဲ့ရထားဘူတာအကြီးဆုံးဟာ Abancourtပဲဖြစ်ပါတယ်။ သူတို့ဟာ အလုပ်ကောင်းကောင်းလုပ်တယ်။ အားရကျေနပ်စရာကောင်းတယ်။ သူတို့ရဲ့ကြိုးပမ်းမှုတွေဟာ တခြားတပ်ရင်းတွေအတွက်လေ့လာသင်ယူရတဲ့တပ်ရင်းဖြစ်ပါတယ်။ သူတို့ရဲ့စားသောက်ဆိုင်ကို ကျွန်တော်ဝင်ကြည့်တယ်။ ထူးထူးဆန်းဆန်း မှတ်စုစာအုပ်(Notebook)၊ ငါးသေတ္တာငါး (sardines)ဝက်အူချောင်း (sausages)နဲ့ ဆပ်ပြာ(soap)တွေတွေ့ရတယ်”ဟုမှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည် (Diary of Tour in France 27th Feb – 8th March 1918 of Lt.Gen Sir. H.V.Co_ accompanied by Lt.Col. Lord Ampthillç IOR^L^MIL^5^738)/

ထိုသို့ စစ်လက်နက်များသယ်ဆောင်ခဲ့ကြရာတစ်နေ့တွင် Tonzang မှ Mr. Neng Za Langသည် လက်ပစ်ဗုံးကိုင်နေစဉ် မတော်တဆပေါက်ကွဲ၍ လူခြောက်ဦးဒဏ်ရာရခဲ့သည်။ Gen.Co ၏မှတ်တမ်း အရ ၁၉၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တီးတိန်နယ် အမှတ်(၆၁)နှင့်(၆၂)တို့မှ ချင်းတပ်ခွဲများသည် Abancourt Camp တွင် စခန်းချခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။ ထို့နောက် Abancourt Camp onf Blargies ရွာနားတွင်တည်ရှိသည်။ Blargies (Blargies Communal Cemetary E_tension) စစ်သင်္ချိုင်းတွင်ချင်းတပ်ခွဲမှ အသက်ပေးဆပ်သူ အမှတ်(၆၁)မှ အလုပ်သမားရှစ်ဦး၊ အမှတ်(၆၂)မှ အလုပ်သမားခြောက်ဦး ဂုဏ်ပြုသည့် အောက်မေ့အုတ်ဂူထားရှိရာ နေရာလည်းဖြစ်သည်။

အလုပ်သမားအကြံပေး Lord Ampthill က အလုပ်သမားဌာနညွှန်ကြားရေးမှူးပေးပို့သည့်စာ (Ampthill to Secretary to Director Of Labour, IOR^L^MIL^5^738) ထဲတွင် ‘ချင်းအမျိုးသားများသည်’တို့၏ စခန်းတွင် ပျော်ရွှင်ခဲ့ကြောင်း၊မြင်းအသားကိုစားကြသည့်အကြောင်း၊ သူတို့၏ ခေါင်းဆောင်များသည် ခေါင်းဆောင်ကောင်းများဖြစ်သည့်အကြောင်း၊အမှတ်(၆၂) တပ်ခွဲမှ အလုပ်သမားများသည် ဘောလုံးကန်ခဲ့ကြသည့်အကြောင်း၊ သူတို့၏တပ်ခွဲမှူးက ကော်ဖီဆိုင်ဖွင့်ချင်သည့်အတွက် အကူညီလိုအပ်သည့်အကြောင်း၊ အခြားအားကစားကွင်းလုပ်ပေးရန်လိုအပ်သည့်အကြောင်းများကိုတွေ့မြင်နိုင်သည် (Lord Ampthill to Secretary to DOLç IOR^L^MIL^5^738)/ ၁၉၁၈ ခုနှစ် မတ်လ ဂျာမနီစစ်ဆင်ရေး (Spring Offensive) ကာလတွင် အမှတ်(၆၁) တပ်ခွဲသည် Guiscard ဆိုသည့်နေရာတွင် မြင်းစီးတပ် (Cavalry Division) မှ အလုပ်ခန့်ခဲ့ကြပြီး ဗြိတိသျှစစ်သားများကတုတ်ကျင်း၌ တိုက်ပွဲဝင်–နေကြသည့်အချိန်တွင် ၄င်းတပ်၏ မြင်းများကို ချင်းအလုပ်သမားများက Noyonအထိ ခေါ်သွားပေးခဲ့ကြသည်။ “One of the strangest sights must have been 41 and 61 companies who were employed the Cavalry Division at Guiscard to take charge of the horses and ride them back into Noyon whilst the cavalry held the trenches” (No Labourç No Battle (Milatary Labour During the First World War) by John Starling and Ivor Leeç Pg. 138).

ဖလမ်းမြို့နယ်တွင် လုပ်သားများစုဆောင်းခြင်း အမှတ်(၇၈)(ဗမာ)(အိန္ဒိယအလုပ်သမားတပ်ရင်း] ချင်းပြည်နယ် (မြောက်ပိုင်း)တီးတိန်နယ်တွင်အလုပ်သမားများစုဆောင်းပြီးနောက်ဖလမ်းနယ်တွင်လည်း လူ သစ်စုဆောင်းခြင်းများပြုလုပ်လာခဲ့ကြသည်။ တစ်ပတ်အတွင်းဖလမ်းမြို့နယ်မှအလုပ်သမား ၈၀၀ ဦးပြင်သစ်နိုင်ငံတွင်အမှုထမ်းရန်စာရင်းသွင်းခဲ့ကြသည်။ The Report of the Administration of Chin Hills 1917-1918 ထဲတွင်၎င်း အလုပ်သမားတပ်မကြီးအတွက် အလုပ်သမားများစုဆောင်းသည့်အလုပ်သည် ယခုနှစ်အတွက် အရေးကြီးသည့်အလုပ်ဖြစ်သည်။ တီးတိန်နယ်မှလုပ်သားဦးရေ ၁၀၀၀ ကျော်သည် ပြင်သစ်နိုင်ငံသို့ထွက်ခွာသွားပြီးဖြစ်သည်။ဖလမ်းမြို့နယ်မှလည်း တစ်ပတ်အတွင်းလုပ်သား ၈၀၀ ဦးကျော် စုဆောင်းနိုင်ခဲ့သည်။ ဟားခါးနှင့်ကန်ပက်လက်နယ်မှလည်း အလုပ်သမားတပ်မကြီးအတွက် စာရင်းပေးသည့်သူများရှိသည်။ အထူးသဖြင့် ရွာတစ်ရွာ၏ စိတ်အားထက်သန်မှုကို ဖော်ပြလိုပါသည်။ ကြောင်ထဲရွာသည် တာရှန်းတိုက်သူကြီး ဗန်မှုန်းအုပ်ချုပ်သည့်ရွာဖြစ်သည်။ အလုပ်သမားများစုဆောင်းသည့်ခြောက်ရက်မြောက်နေ့တွင် သူတို့ရွာရှိ အမျိုးသား ၂၅၀ ဦးခန့်ရှိသည့်အနက် ၆၀ ဦးစာရင်းသွင်းခဲ့ကြသည်.. ဟူ၍ရေးသားထားသည်ကို တွေ့ရှိနိုင်သည်။

နောက်လ ဆက်ရန်

## စာ–၁၁ ခရီးသွားလာရေး စက်မှုဇုံပြည် ...........

Tourism Industry အတွက် ပြည်နယ်အစိုးရရဲ့ ဦးဆောင်မှုနဲ့ tourist spot တွေကို နေရာသတ်မှတ်ပေးရမယ်။ အဲ့ဒီအတွက် ပြည်တွင်းပြည်ပအသိပညာ၊ အတတ်ပညာရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ခေါ်ဖိတ်ရမယ်၊ ပြီးရင်အဆိုပါ tourist spot တွေတစ်ခုနဲ့တစ်ခု အလွယ်တကူဆက်သွယ်နိုင်မယ့် လမ်းကြောင်းကိုဖန်တီးပေးရပါမယ်၊ ချင်းပြည်မြောက်မှတောင်အထိရာသီမရွေးသွားလာနိုင်မယ့်ဆက်သွယ်ပေးတဲ့ ကားလမ်းများ အရှေ့ဖက်ကလေးမကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ပခုက္ကူကနေ အနောက်ဖက် အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်နယ်၊ မြောက်ဖက်မှာ မဏိပူရ်၊မိုးရေးစသဖြင့် ချိတ်ဆက်သွယ်တဲ့ ကုန်းလမ်းတွေကောင်းဖို့လိုပါတယ်၊ တောင်ဖက်မှာစစ်တွေ၊ ကျောက်တော်မှ ပလက်ဝလေ၊ ရေကြောင်းလမ်းများကောင်းမွန်ရပါမယ် အလားတူအမြို့မြို့အနယ်နယ်ရဲ့သန့်ရှင်းသပ်ရပ်မှုတွေကိုမြို့ပြအဆင့်မီတိုးမြှင့်ဖို့လည်းလိုအပ်လာမယ်။

မြောက်ဖက်မှာ ရိဒ်ရေကန်၊ လေသာတောင်၊ ကနေဒီတောင်၊ ရှာလ်လုမ်းခံတပ် ဟားခါးမြို့ရှုခင်းပြင်နဲ့အခြားအထင်ကရ နေရာများ၊ တောင်ဖက်က ဝိတိုရိ (ခေါ်) ခေါနူစွမ်တောင်၊ မောပီတောင်၊ ဘုံတလာရေတခွန်အွေစီသဘာဝရေအိုင်ကြီး၊ ကီမားမောင်း(ခေါ်) ကီမိုတောင်တို့ကို ချိတ်ဆက်ပေးမယ့် လမ်းကြောင်းတွေလိုပါမယ်၊ အဲ့ဒီစိတ်ဝင်စားဖွယ်နေရာတွေမှာ ဒေသခံတွေရဲ့သဘောတူညီမှုနဲ့ စနစ်ကျတဲ့ Hotel, Motel, Guest House, Restaurant တွေကိုလိုအပ်သလိုဖြည့်ဆည်းပေးရမယ်။ ထိုနည်းတူ မမေ့ကောင်းတဲ့ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ ချင်းလူမျိုးများနဲ့ သက်ဆိုင်တဲ့သမိုင်းပြတိုက် Museum ပါပဲ၊ သက်ဆိုင်ရာမျိုးနွယ်စုတွေရဲ့ museum ကျတော့ မိမိမြို့၊ မိမိနယ်မြေအသီးသီးမှာထားရှိနိုင်သလို ချင်းတမျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ပြတိုက်တစ်ခုကိုတော့ တစ်နေရာမှာ စုစည်းထားရှိဖို့လိုပါလိမ့်မယ်၊ အဒီလိုလုပ်ခြင်းဟာလည်း သက်ဆိုင်ရာ အစိုးရရဲ့ဝင်ငွေပါပဲ၊ ဘုံတလာရေတံခွန်ရဲ့ အထက်မှာဘွန်ဗား (Bungva) လွင်ပြင်ကျယ်တစ်ခုရှိတယ် အဲဒီလွင်ပြင်မှာ လက်လုပ်ရေအိုင်ကြီးဆောက်လုပ်လျက်ကြီးကျယ်လှပတဲ့ Resort တစ်ခုလည်း တည်ဆောက်နိုင်ပါတယ်၊ ဘေးပတ်ပတ်လည်ကိုလည်း Sanctuary (ဘေးမဲ့တော) အဖြစ်ထားရှိပြီးသဘာဝ တောတိရိစ္ဆာန်တွေကို အဝေးကြည့် မှန်ပြောင်းများနဲ့ tourists တွေ ကောင်းမွန်စွာ ရှုစားနိုင်အောင် ဖန်းတီးလို့ ရတယ်။

ကျွန်တော်တိုရဲ့ ချင်းပြည်မှာ သယံဇာတမထွက်လို့ဝင်ငွေနည်းသော်ငြားလည်း Tourism Industry ကိုသာဖောက်ချ လုပ်နိုင်ပါကဒေသခံပြည်သူထောင်ပေါင်းများစွာရဲ့ အခြေခံအလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်သလို ပြည်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာလည်းအားစိုက်လာမှာဖြစ်ပြီး ဒေသထွက်စိုက်ပျိုးသီးနှံနဲ့အသက်ဝမ်းကျောင်းနိုင်မှာဧကန်မလွဲပါဘူး။

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့်

Pu Thomas Thang Nou

## ၁။ နိဒါန်းနှင့်ပညာရှင်များတွေးခေါ်ယူဆချက်များ

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အချေအတင်ဆွေးနွေးနေကြဆဲဖြစ်ပြီး၊အနက်အဓိပ္ပါယ်တိတိကျကျမဖွင့်ဆိုနိုင်သေးပေ။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အဓိကအငြင်းပွားစေသည့်မေးခွန်းနှစ်ရပ်ရှိသည်။ ၎င်းတို့မှာ

(၁)လူနည်းစုခွဲထွက်ရေးသမားများ၏ တောင်းဆိုခွင့်ကို အပြည်ပြည်ဆိုင်ရာဥပဒေအရ မည်သည့်အချိန်တွင် အထောက်အပံ့ပေးနိုင်မည်နည်း။

(၂) နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးလှုပ်ရှားမှုများအပေါ် ဖိနှိပ်မှုများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မည်ကဲ့သို့တားမြစ်ကာကွယ်နိုင်မည်နည်း ဟူသော မေးခွန်းများဖြစ်သည်။

ဤတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဓိပ္ပါယ်ဖွင့်ဆိုရာတွင်သော်လည်းကောင်း၊လက်တွေ့အကောင်အထည်ဖော်ရာတွင် သော်လည်းကောင်း၊ ၎င်းတို့နှင့်အတူပါလာသော ခွဲထွက်ခွင့်နှင့်ပတ်သက်၍ပညာရှင်များအကြား တွေးခေါ်ယူဆချက်အမျိုးမျိုးထွက်ပေါ်လာ သည်။

ဒေါက်တာဗင်းကက်အိုင်ယာ (Dr. Venkat Iyer) က "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ခွဲထွက်ခြင်းဟု မဆိုနိုင်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုခွဲထွက်ခွင့်တောင်းဆိုခြင်းမပြုဘဲရရှိနိုင်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည်နိုင်ငံရေးအရတောင်းဆိုမှုများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များကို အားကိုးအားထားပြု၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆို၍မရနိုင်ပါ။ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ကို နိုင်ငံရေးအရ တောင်းဆိုမှုပြုမှသာ ရရှိနိုင်မည်။

သို့သော် JanesBayGrecကမူ "ခွဲထွက်ခြင်း အခွင့်အရေးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ထုံးတမ်းတစ်ခု မဟုတ်ဟု အသိအမှတ်ပြုခြင်း" ကိုဆင်ခြေတက်ခဲ့သည်။ ပါမောက္ခ Maivan Clech Lam က "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွင်ခွဲထွက်ခွင့်အခွင့်အရေးခွဲသည် အမြဲတမ်းပါဝင်သော်လည်း မလွဲမသွေ တည်မြဲစေရန်မဟုတ်ပါ" ဟူ၍ဖော်ပြထားသည်။

## ၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးပုံ ကျင့်သုံးနည်း

၁၉၇၀ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ချစ်ကြည်ရေးနှင့်နိုင်ငံတကာဥပဒေ သဘောတရားကြေညာချက်တွင် အပြည်ပြည်ဆိုင်ရာဥပဒေအရ အောက်ပါအချက် (၃) ချက် ဖြင့် ဖော်ပြထားသည်။

(၁) လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ တည်ထောင်ခြင်း

ပြည်နယ်တစ်ခုသည်သီးသန့်ခွဲထွက်၍ လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံ ထူထောင်မည်ဆိုပါက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်သည်။ ဥပမာ– ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကိစ္စတန်နိုင်ငံမှခွဲထွက်ခြင်းမျိုးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေက အတိအကျရှိသော ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ခွဲထွက်ခွင့်တောင်းခံခြင်းကို မထောက်ခံပါ။အဘယ်ကြောင့်ဆိုသော် တိုင်းပြည်အစိတ်စိတ်အမွှာမွှာပြိုကွဲနိုင်ပြီးကမ္ဘာ့ငြိမ်းချမ်းရေး တည်ငြိမ်မှုကို ထိပါးနိုင်သောကြောင့်ဖြစ်သည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံပေါ်ပေါက်လာမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ်ကိုအသိအမှတ်ပြုရာတွင် –

(၁) ကုလသမဂ္ဂအဖွဲ့ဝင်များထဲတွင် ထိရောက်သော ဆန့်ကျင်ကန့်ကွက်မှုကို ထောက်ခံမည့်နိုင်ငံ မရှိခြင်း

(၂) နိုင်ငံသည် ကြီးမားသောအင်အားနှင့် ဩဇာလွှမ်းမိုးမှုရှိနေသော ဒေသအတွင်းရှိနေခြင်းဆိုသည့် အချက် (၂) ချက်ကြောင့်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံက နိုင်ငံသစ်ကိုထောက်ခံပြီး၊အမှန်မှာနိုင်ငံသစ်သို့ ပြောင်းလဲလာအောင်လူနှင့် ပစ္စည်း (စစ်တပ်၊ စစ်အင်အား)ကိုစေလွှတ်ခဲ့ခြင်းဖြစ်သည်။ဤကိစ္စသည် အလွန်အရေးပါအရာရောက်သည်။ ဤအကြောင်းကြောင့် မူလပါကိစ္စတန်နိုင်ငံသည် ပြိုကွဲခြင်းသို့ ဦးတည်စေခဲ့သည်။ အကြောင်းမှာ တတိယပါတီ (Third Party) ကနှိုးဆော်ခြင်း၊ပါဝင်ပတ်သက်ခြင်းမရှိသည့်အပြင်နောက်ဆုံး (၁၃) ရက် အတောအတွင်းမှအပပါဝင်ပတ်သက်ခြင်းမရှိခြင်းကြောင့်ဖြစ်သည်။

ပါတီတစ်ခုကအခြားတစ်ခုကိုဆန့်ကျင်မပြု၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအကျိုးအကြောင်းတင်ပြဆွေးနွေးနေခဲ့လျှင် ဟိုမရောက်ဒီမရောက် ကျန်ရစ်မည်။ တတိယအင်အားစုဖက်မှကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ မူလအဓိပ္ပါယ်နှင့်လမ်းလွှဲ၍တာဝန်ယူခြင်းအားဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်းကိုငြိမ်းခြောက်ရန် အကြောင်းမရှိ ဖြစ်သွားစေခဲ့သည်။

(၂) တည်ရှိနေသောအနည်းဆုံး နှစ်ပြည်နယ်အချင်းချင်း ပူးပေါင်း၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုခြင်း

နိုင်ငံတစ်ခုအတွင်း အနည်းဆုံးနှစ်ပြည်နယ်အချင်းချင်း ပူးပေါင်း၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုရာတွင် နိုင်ငံမှခွဲထွက်ခွင့်မပါဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက်သာ တောင်းဆိုနိုင်သည်။

(၃) လွတ်လပ်သောအရေးပေါ်အခြေအနေများကြောင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခြင်း

နိုင်ငံတစ်ခုအတွင်းရှိပြည်နယ်တစ်ခုသည် အခြားပြည်နယ်များနှင့် မပူးပေါင်းဘဲ နိုင်ငံအတွင်းသီးသန့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုရာတွင် ခွဲထွက်ခွင့်တောင်းဆိုခြင်းမဟုတ်ဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုနိုင်သည်။ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ခွဲထွက်ခွင့်ကိုအောက်ပါအရည်အချင်းများနှင့်အညီတောင်းဆိုနိုင်သည်။

(၁) ပြည်နယ်များပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူလူထုသဘောတူညီချက်အရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုနိုင် သည်။

(၂) ပြည်နယ်တစ်ခုသည်ဗဟိုအစိုးရအနေဖြင့် အခြားပြည်နယ်များနည်းတူ ကိုယ်စားလှယ်တက်ရောက်အရေးဆိုခွင့်မပေးထားပါက ခွဲထွက်ခွင့်ကို တောင်းဆိုခြင်းပြုနိုင်သည်။ ပေးထားပါက ခွဲထွက်ခွင့်တောင်းဆိုခြင်းမပြုနိုင်ပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုပိုင်ခွင့်ရှိသည်။ အဓိကအရေးကြီးသည်မှာ တိုင်းပြည်၏တည်နေရာနှင့် နယ်နိမိတ်အကျယ်အဝန်းကို မထိခိုက်စေရန်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုခွဲထွက်ခွင့်အဖြစ် ကျင့်သုံးရာတွင်ကိုလိုနီနိုင်ငံလက်အောက်ခံနယ်မြေများအဖြစ်မှ လွတ်မြောက်ရန် ကြိုးစားသည့်နိုင်ငံများတွင်သာတွေ့ရှိနိုင်သည်။ ထို့ကြောင့် ခွဲထွက်ခြင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရန် ကြိုးစားသည့် နည်းလမ်းတစ်ခုဖြစ်ခဲ့သည်။

## ၃။ ခွဲထွက်ခွင့်

ခွဲထွက်ခွင့်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းနှင့်အညီ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံသစ်ထူထောင် ခြင်းဖြစ်သည်။ ခွဲထွက်ခွင့်တောင်းဆိုရာတွင်–

(၁) တောင်းဆိုသည့် ပြည်နယ်သည် အခြားသော ပြည်နယ်များနှင့် အခွင့်အရေးတန်းတူမရဘဲ ခွဲခြားဆက်ဆံခံရခြင်း။

(၂) သဘာဝသယံဇာတများကိုအခြားပြည်နယ်များနည်းတူခွဲဝေသုံးစွဲမှုများမရရှိခြင်း စသည့်အချက်များအပေါ်မူတည်၍ ခွဲထွက်ခွင့်ကိုတောင်းဆိုကြသည်။ ခွဲထွက်ခွင့်နှင့်ပတ်သက်၍ပညာရှင် Eide ၏အယူအဆကို ဖော်ပြလိုပါသည်။ သူကဒီမိုကရေစီ (သို့မဟုတ်)ပြည်တွင်းရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Internal Self-determination) မရှိသောကြောင့် ခွဲထွက်ခြင်းပါဝင်သောပြည်ပရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (E_ternal Self-determination) တောင်းဆိုမှုအရှိန်အဟုန်ပြင်းစွာဖြစ်စေသည်ဟု ဆိုသည်။ သူကဆက်လက်၍ဥပဒေနှင့်အညီအလိုအလျောက်ခွဲ ထွက်နိုင်သော အရာ (၃) မျိုးကိုအောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) ကိုလိုနီဆိုင်ရာ လက်အောက်ခံအဖြစ်ထားရှိခြင်း

(၂) ၁၉၄၅ ခုနှစ်နောက်ပိုင်း နိုင်ငံခြားမှသိမ်းပိုက်ခြင်း

(၃) U.S.S.R နှင့် Yugoslavia နိုင်ငံအတွင်းပြဿနာတက်ခဲ့သကဲ့သို့ဖက်ဒရယ်နိုင်ငံတစ်ခုအတွင်း၎င်း၏ အစိတ်အပိုင်းများခွဲထွက်ရေးရွေးချယ်နိုင်ခြင်းကိုနဂိုကမှထားရှိခဲ့သောသီအိုရီအရထိန်းသိမ်းထားခဲ့သည့်နေရာများတွင်ခွဲထွက်ခွင့်ကိုဥပဒေအရ ကျင့်သုံးနိုင်သည်ဟုဆိုသည်။ ပညာရှင်တစ်ဦးဖြစ်သူ Frederic Kirgis. Jr က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုခြင်းက တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ထိခိုက်စေနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုတောင်းဆိုမည်ဆိုပါက တင်းမာမှုလျော့ နည်းစေမည်။ ခွဲထွက်ရေးကိုတောင်းဆိုပါက အခြားပြည်နယ်များ၏တည်ငြိမ်မှုကိုပါ ထိခိုက်စေမည်။ ပြည်နယ်များနှင့် ဗဟိုအစိုးရအကြားဒီမိုကရက်တစ်အစိုးရတရပ်အနေဖြင့် လိုက်နာကျင့်သုံးပါက ခွဲထွက်ခွင့်ကို မတောင်းဆိုသင့်ပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာတောင်းဆိုသင့်သည်။ သို့သော် အောက်ပါအခြေအနေများတွင်ခွဲထွက်ခွင့်ကို တောင်းဆိုနိုင်သည်။ ၎င်းတို့မှာ –

(၁) ဒီမိုကရေစီအုပ်ချုပ်ရေးကိုဆန့်ကျင်သည့်စစ်အစိုးရ၊ တနည်းအားဖြင့်အာဏာရှင်အစိုးရ

(၂) မိုင်းဆိုင်ရာအထောက်အထားများအရ ခိုင်မာသည့်အချက်အလက်များရှိခြင်း

(၃) အုပ်ချုပ်သူအစိုးရကဖိနှိပ်ခြင်းစ

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့်

သည့်အချက်များဖြစ်ပါက ခွဲထွက်ခွင့် တောင်းဆိုနိုင်သည်။

ကျွမ်းကျင်သူ ပညာရှင်တစ်ဦးဖြစ်သူ Allen Buchanan က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ခွဲထွက်ခွင့်ကိုတောင်းဆိုရာ တွင် လိုအပ်သည့်အချက်များကို အောက်ပါအတိုင်းဖော်ပြထားသည်။

(၁) တရားမျှတမှုမရှိ၊ လူ့အခွင့်အရေး အလွန်အမင်းကျူးလွန် ဖောက်ဖျက်ခြင်းခံရလျှင် (အလွန်အမင်း လူ့အခွင့်အရေး ကျူးလွန် ဖောက်ဖျက်မှုတွင်လူမျိုးတုံးသတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ ပါဝင်သည်) ခွဲထွက်ခွင့် တောင်းဆိုနိုင်သည်။

ပြည်ပြည်ဆိုင်ရာဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းထားသော်လည်း ခွဲထွက်ခွင့် နှင့် ပတ်သက်၍အဓိပ္ပါယ်ရှင်းလင်းခြင်းမရှိပေ။ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏အဓိပ္ပါယ်နှင့် ပတ်သက်၍အငြင်းပွားလျက်ရှိသဖြင့် အချို့နိုင်ငံများက ခွဲထွက်ခွင့်တောင်းဆိုခြင်းမှနည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ထားကြသည်။ International covenant on Economic, Social and Culture rights ၁၉၆၆. အပိုဒ် (၁) တွင် –

(၁) လူမျိုးအားလုံးတွင်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိကြသည်။ ဤအခွင့်အရေး ပိုင်ဆိုင်မှုနှင့်အညီ လူမျိုးတိုင်းတွင် မိမိတို့၏နိုင်ငံရေးစနစ်ကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာပြဋ္ဌာန်းခွင့်ရှိကြပြီး မိမိတို့၏စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍများကိုတိုးတက်ဖွံ့ဖြိုးရေးအတွက်လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိကြသည်။

(၂) အပြန်အလှန် အကျိုးရှိမှုကိုအခြေခံ၍သော်လည်းကောင်း၊ နိုင်ငံတကာဥပဒေအရ သော်လည်းကောင်းဆောင်ရွက်ရန် တာဝန်ရှိသည့်အပြည်ပြည်ဆိုင်ရာစီးပွားရေးကပူးပေါင်းဆောင်ရွက်ရေးကိုထိခိုက်ခြင်း မရှိပါကလူမျိုးအားလုံးတွင်မိမိတို့၏ အကျိုးစီးပွားအတွက်မိမိတို့ပိုင်ဆိုင်သော သယံဇာတများကိုလွတ်လပ်စွာ စီမံသုံးစွဲပိုင်ခွင့်ရှိသည်။

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရရှိသေးသည့်နယ်ပယ်များနှင့် အစောင့်အရှောက်ခံနယ်ပယ်များ၏ အုပ်ချုပ်ရေးကိုတာဝန်ယူထား ကြသောအစိုးရများအပါအဝင် ဤစာချုပ်အဖွဲ့ဝင် နိုင်ငံအားလုံးက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအကောင်အထည်ဖော်ရန် တိုးမြင့်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ ပြဋ္ဌာန်းချက်များနှင့်အညီကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုလေးစားကြရမည် ဟူ၍ဖော်ပြထားသည်။

ဤစာချုပ်ပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဓိပ္ပါယ်နှင့်ပတ်သက်၍ ယနေ့တိုင်အငြင်းပွားလျက်ရှိကြသည်။ ဤစာချုပ်ပါ အပိုဒ်– ၁ တွင် ဖော်ပြထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ခွဲထွက်ခြင်း မပြုလုပ်ရန်အိန္ဒိယနိုင်ငံသည် 'နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိခိုက်စေလျှင်ခွဲထွက်ခွင့်မရှိကြောင်း' ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်းအချို့ပြည်နယ်များ ခွဲထွက်ခြင်းမှကာကွယ်ခြင်းဖြစ်သည်။

နိဂုံး

မြန်မာနိုင်ငံသည် (Multi- Nation State) ac: လူမျိုးပေါင်းစုံ နေထိုင်သောနိုင်ငံဖြစ်ပြီး ကာလကြာရှည်စွာအတူနေထိုင်လာခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန် ပင်လုံစာချုပ်အရ သဘောတူခဲ့ကြသော နိုင်ငံလည်းဖြစ်သည်။ ထို့ကြောင့် ခွဲထွက်ခွင့်ပါသော ပြည်ပဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုရန်မသင့်ပေ။ ခွဲထွက်ခွင့်မပါသောပြည်တွင်းဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုတောင်းဆိုသင့်သည်။ သို့မဟုတ် ဒီမိုကရေစီ၏အခြေခံအခွင့်အရေးတစ်ခုဖြစ်သောကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုလျှင်အသင့်လျော်ဆုံး ဖြစ်သည်။ ပညာရှင်များ၏တွေးခေါ်ယူဆချက်များအနက်ကျွန်ုပ်တို့နိုင်ငံနှင့် အလိုက်ဖက်ဆုံးသီအိုရီကိုတင်ပြလိုပါသည်။ နိုင်ငံများအထူးအခွင့်အရေးကိုကိုယ်စားပြုသော Eide ၏ 'ပိုင်နက်နယ်မြေစုစည်းမှုထိန်းသိမ်းရန်' နှင့်လူမျိုးများ၏အထူးအခွင့်အရေးကို ကိုယ်စားပြုသော Kimminich ၏ 'နိုင်ငံသစ်ဖန်တီးရန်' ဟူသော အစွန်းနှစ်ဖက်တင်ပြချက်မျိုးမဟုတ်ဘဲ အလယ်အလတ်လမ်းစဉ်ကို တင်ပြခဲ့သော Christian Tomuschat တွင်ပါရှိသည့် 'အသစ်ဖက်ဒရယ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးစုများအတွက်' ဟူ၍လည်းကောင်း၊ အလယ်အလတ်ကြိုက်နှစ်သက်သူတစ်ဦးဖြစ်သူ Thornberry ၏ 'နိုင်ငံများအတွင်းအုပ်စုများအကြားလုပ်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းနှင့်ကာကွယ်ခြင်းအတွက်နိုပ်ကွပ်ခြင်းနှင့် ခွဲထွက်ခြင်းတို့အကြား သင့်လျော်သော ကြားခံပုံစံကို ဖန်တီးရန်တိုက်တွန်းခဲ့ရာတွင် ဖက်ဒရယ်ဝါဒသည်ဖြစ်နိုင်သော (သင့်လျော်သော)နည်းလမ်းတစ်ခုဖြစ်သည်' ဟူ၍လည်းကောင်း၊ အလယ်အလတ်လမ်းစဉ်အတိုးအလျော့ညှိနှိုင်းလုပ်လိုသော သီအိုရီနှင့်တင်ပြချက်များသည် ကျွန်ုပ်တို့နိုင်ငံတည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရန်အတွက်အကောင်းဆုံးအဖြစ် ယူဆပါကြောင်းရေးသားလိုက်ပါသည်။

ကိုးကားစာအုပ်

1.Dr.VenkatIyerက ၂၀၀၂ ခုနှစ် BLC ၌ ပို့ချသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ခွဲထွက်ခွင့်ဆိုင်ရာ ပို့ချချက်များအပေါ် မိုင်းဘုန်း ကျော်နှင့် ဒေါ်ဂျာဒင်း တို့မှ မှတ်တမ်းတင် ရေးသားသည့်စာအုပ်

2.Prof.MaivanClechLamçAssociate Professorç City University of New-york School of Law, ရေးသားသော The Legal Value of Self-determination, Vsion or Inconvenience?

တို့ကို ကိုးကားပြီးသင့်လျော်သလိုရေးသားခြင်း ဖြစ်ပါသည်။

# ခရီးသွားလာရေး စက်မှုဇုံပြည် (Tourism Industrial State)

ဆလိုင်းကိုင်ဆီး

ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့၊ တိုင်ပင်ဆွေးနွေးခဲ့ဖူးတာရှိပါတယ် ကျွန်တော် Tourism Studies မတက်ခင်တုန်းက တော့စိတ်အမြင်မှာ ခုလိုမပေါ်လာမိတာအမှန်ပါပဲ/ ဒီနေ့ခေတ် နိုင်ငံတကာရဲ့တိုင်းပြည်တွေပုံစံအမျိုးမျိုး၊ အသွင်အဖုံဖုံလုပ်ပြီး တိုင်းပြည်တိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနဲ့ စားဝတ်နေရေးအတွက် မြှင့်တင်ဆောင်ရွက်နေကြပါတယ်။

အရှေ့တောင်အာရှမှာဆို ဖိလိပိုင်နိုင်ငံဟာကုန်ထုတ်စွမ်းအား၊ သယံဇာတထွက်ရှိမှု အရင်းအမြစ်မရှိတော့ပါဘူး/ ဒါပေမဲ့တိုင်းပြည်အတွက် စီးပွားဖြစ် လုပ်ငန်းတွေလုပ်ယူကြရပါတယ်သူတို့ရဲ့အဓိကစီးပွားရေးထုတ်ကုန်ကတော့ပညာရေးပါပဲ/ သူ့နိုင်ငံရဲ့ကောင်းမွန်တဲ့ ပညာရေးမြှင့်တင်မှုစနစ်ကြောင့် နိုင်ငံတကာကနေ ဖိလိပိုင်နိုင်ငံကို ပညာသင်လာတဲ့ ကျောင်းသားဦးရေဟာ သိန်းဂဏန်းခန့်ရှိပါတယ် နောက်ပြီး ပညာတတ်ဘွဲ့ရသူ သူ့နိုင်ငံသားတွေကို နိုင်ငံခြားပို့ကုန်အဖြစ် ဖန်တီးကာ နိုင်ငံ့ဝင်ငွေရှာရတာကို တွေ့ရတယ်/ အိန္ဒိယလို လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိတဲ့ နိုင်ငံကျတော့ပညာရေးကို အခြေခံတဲ့လုပ်ငန်းနဲ့ကမ္ဘာကိုထိုးဖောက်နိုင်အောင် စွမ်းဆောင်ပေးတယ်အထက်မှာဖော်ပြတဲ့ ဖိလိပိုင်နဲ့အိန္ဒိ,နှစ်နိုင်ငံဟာ ခရီးသွားလာရေးလုပ်ငန်း (Tourism)ကို တွင်ကျယ်စွာ လုပ်လာတာကိုလည်းတွေ့ရပါလိမ့်မယ်။

ဒီ့အပြင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား စတဲ့စစ်ငွေ့ဒဏ်ခံခဲ့ရတဲ့ နိုင်ငံတွေဟာ အခုဆိုရင်အရှေ့တောင်အာရှရဲ့ tourist စင်တာ ဖြစ်လာပါပြီ/ မြန်မာနိုင်ငံဟာလည်း နိုင်ငံတကာ ခရီးသွားလုပ်ငန်းကို အစပျိုးလာတာကို နိုင်ငံရဲ့ခရီးသွားလာရေးရဲ့ဟိုတယ်နဲ့ မှတ်တမ်းမှတ်ရာတွေအရသိရှိရပါတယ်၊ အဲ့ဒါတောင်မှနိုင်ငံရဲ့ အုပ်ချုပ်မှုယန္တယား ချွတ်ချော်မှုတွေကြောင့်နိုင်ငံခြားဧည့်သည်တွေသာမက ပြည်တွင်းဧည့်သည်တွေကိုပါကန့်သတ်ထားနေဆဲပါ၊ ပြည်တွင်းနှင့်ပြည်ပ (International & Domestic) ခရီးသွားတွေ ဆွဲဆောင်နိုင်တဲ့ Tourist spot တွေ မြန်မာပြည်မှာ အင်မတန်မှ ပေါလှပါတယ်၊ ဒါပေမယ် ဗဟိုအုပ်ချုပ်ရေးစနစ်ကိုသာ စွဲကိုင်ထားတဲ့ ကျွန်တော်တို့အစိုးရလက်လက်မှာ တိုင်းရင်းသားပြည်နယ် အတော်များများဟာ လျစ်လျူရှုခံနေတာတွေ့ရတယ် တနည်းပြောရရင် ဗုဒ္ဓဘာသာကိုအထူးပြု ကိုးကွယ်တဲ့နိုင်ငံဖြစ်လင့်ကစား ဗုဒ္ဓစေတီဘုရားတွေရှိတဲ့နေရာတွေကိုသာ အလည်အပတ် သွားခွင့်ပြုနေတာ သတိထားမိကြပါလိမ့်မယ်။

ဒါဟာလည်း ဗမာ့နိုင်ငံရေးတစ်ခုပါပဲ၊ ဆင်းရဲတဲ့ မြန်မာနိုင်ငံမှာမှ ချင်းပြည်ဟာ နောက်ဆုံးပိတ်ကပါ၊ သို့သော်ငြားလည်း နိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်အရ သမ္မတဦးသိန်းစိန်ခေတ် ဦးအောင်မင်းတို့ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ ချင်းအမျိုးသားတပ်ဦးတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ စာချွန်တွေအများကြီးရှိတာ အားလုံးအသိပါ၊၄င်းချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေထဲမှာ ချင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေး အထူးဇုန်ထူထောင်ရန် ဆိုတဲ့အချက် ပါရှိတာကိုတွေ့ရပါတယ် အဲဒီတော့ ဘာသယံဇာတမျှမထွက်ရှိတဲ့ချင်းပြည်မှာ ဘယ်လိုစီးပွားရေးမျိုးကိုအခြေခံပြီး အထူးဇုန် ထူထောင်ရမလဲ၊ ဒီနေရာမှာလုပ်ပိုင်ခွင့် အင်မတန်မှနည်းတဲ့ ပြည်နယ်အစိုးရကိစ္စကို (နောက်ပိုင်းမှာ ဖြစ်လာမယ့်ကိစ္စရပ်လို့မှတ်ပြီး) ဘေးခဏချိတ်ကာကျွန်တော်ရဲ့အမြင်လေးကို အနည်းငယ်မျှဝေချင်ပါတယ် အထက်မှာ ဖော်ပြခဲ့တဲ့ စီးပွားရေးအထူးဇုံထူထောင်နိုင်အောင် ယခုချိန်မှာအသင့်တော်ဆုံးအနေနဲ့ မြင်တာကတော့–

(၁) Tourism Industry (ခရီးသွားလာရေးလုပ်ငန်း)

(၂) အဆင့်မီ ပညာရေးစနစ်တို့ကို လုပ်ဆောင်သင့်ပါတယ်။

# မြန်မာနိုင်ငံသို့ ချင်းလူမျိုးများပျံ့နှံ့နေထိုင်ပုံ

ဆလိုင်း ချင်းဖြူ (ပလက်ဝ)

ယနေ့မြန်မာနိုင်ငံတွင်တိုင်းရင်းသားအမျိုးသား (၈) မျိုးနှင့်မျိုးနွယ်စုစုစုပေါင်း (၁၃၅) ရှိသည်ဟုသာမန်အားဖြင့်မှတ်ယူရမည်ဖြစ်သော်လည်း၊ အသေးစိပ်တွင်မူ ထိုထက်မကအဆပေါင်းများစွာတွေ့ရှိနိုင်မည်ဖြစ်သည်။ချင်းလူမျိုးမျိုးနွယ်စုများကိုလည်း (၅၃)ဟုဆိုင်ရာမှဖော်ပြထားသော်လည်း၊ ထိုထက်မကရှိနိုင်မည်ဖြစ်သည်။

ဤအကြောင်းနှင့်ပတ်သက်၍၊ စာရေးသူအနေဖြင့်ဆွေးနွေးချက်ဆောင်းပါးတစ်ပုဒ်ကို ယမန်နှစ်၊ ဧပြီလထုတ်ချင်းအမျိုးသား ရေးရာစာစောင်တွင်ရေးသားခဲ့ပြီးဖြစ်သည်။ ၄င်းကိုမပြန်လှန်တော့ဘဲ၊ မြန်မာနိုင်ငံ အရပ်ရပ်သို့ချင်းလူမျိုးများပျံ့နှံ့နေထိုင်ပုံကိုလက်လှမ်းမီသမျှတင်ပြသွားပါမည်။ ချွင်းချက်တစ်ခုမှာ၊ သုတေသီများအယူအဆချင်းမတူညီကြသည်ကို စာဖတ်ပရိသတ်များသိပြီးဖြစ်၍၊ စာရေးသူဖော်ပြချက်များအပေါ်ဝေဖန်စရာအနည်းနှင့်အများတွေ့ရှိရမည်သာ။ ဥပမာ–ပါမောက္ခဂျီ၊ အိပ်ချလုစ်နှင့် အက်ဖ်ကေ၊ လေမန်တို့အနေဖြင့်ချင်းလူမျိုးတို့အား မြန်မာနိုင်ငံအလယ်ပိုင်းမှ ချင်းတွင်းဖြစ်အတိုင်းဆန်တက်ပြီး၊ အနောက်ဖက်တောင်တန်းသို့ တက်ရောက်အခြေချကြမည်ဟု ယူဆကြသည်။

သို့ရာတွင်၊၄င်းအဆိုအားလက်ခံရန်မလွယ်ကူလှချေ။ အကြောင်းမှာ၊ဆာ၊အေ၊ မက္ကင်ဇီ၏ 'North-East Frontier of India' စာမျက်နှာ ၈၁ တွင်ဟူးကောင်းလွင်ပြင်အထက်တွင် ချင်းရွာဟောင်းနေရာရှိကြောင်းကိုလည်းကောင်း၊ G.E.Fryer \ On the Khyeng People of Sandoway, Arakan J.A.S.B.,1875, Part I ဆောင်းပါးပါသံတွဲခရိုင်ရှိချင်းများက ချင်းတွင်းမြစ်အတိုင်းစုန်ဆင်းလာကြကြောင်းဆိုကိုထောက်၍လည်းကောင်း၊ မြောက်မြားစွာသော အချက်အလက်များအရသော်လည်းကောင်း၊လူကြီးသူမများ၏ နှုတ်သမိုင်းများအရလည်းကောင်း၊ မြောက်ဖက်ဆွမ္မရာတောင်တန်းမှတောင်ဖက်နဂရေအငူအနီးထိ၊ အရှေ့ဖက်ပဲခူးရိုးမမှအနောက်ဖက် ဘင်္ဂလားပင်လယ်ကမ်းခြေအထိ လှည့်လည်ရွှေ့ပြောင်းနေထိုင်ကြကြောင်းဖော်ပြချက်များရှိနေ၍၊ ထိုအဆိုအမိန့်များကိုသာ လက်ခံစရာအဖြစ်မှတ်ယူရပါမည်။

၁၉၃၁–သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ၊ မြန်မာနိုင်ငံမြေပြန့်ဒေသရှိ ချင်းလူဦးရေကိုအောက်ပါအတိုင်းတွေ့ရှိပါ သည်။

၁။ သရက်ခရိုင်– ၂၂,၈၀၃
၂။ မင်းဘူးခရိုင်– ၂၀,၉၆၁
၃။ မကွေးခရိုင်– ၂,၃၄၈
( အဓိက နတ်မောက်ခရိုင်မပါ )
၄။ ပခုက္ကူခရိုင်– ၂၂,၁၄၉
၅။ ပြည်ခရိုင်– ၁၃,၉၅၁
(အဓိက ပဲခူးခရိုင် နှင့် တောင်ငူခရိုင်မပါ)
၆။ စစ်တွေခရိုင်– ၂၉,၅၁၅
၇။ ကျောက်ဖြူခရိုင်– ၁၇,၉၃၅
၈ သံတွဲခရိုင်– ၈,၄၂၅
– စုစုပေါင်း ၁၃၈,၀၈၇

အထက်ပါစာရင်းတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိချင်းများ၊ ပခုက္ကူတောင်တန်းရှိချင်းများ၊ ရခိုင်တောင်တန်းရှိချင်းများ၊ ချင်းတောင်တန်းနှင့်အထက်ချင်းတွင်းခရိုင်ရှိချင်းများစာရင်းမပါရှိပါ။ ထိုစဉ်က

ချင်းတောင်တန်းတွင် – ၈၅,၄၈၈၊
ရခိုင်တောင်တန်းတွင် – ၂၀,၆၈၂၊
ယောတွင်း (ပခုက္ကူတောင်တန်း) တွင် – ၁၈,၁၀၀၊
အထက်ချင်းတွင်းခရိုင်တွင်– ၁၆,၀၈၈
စုစုပေါင်း – ၁၄၀,၃၅၈

မျှရှိနေနှင့်ပြီးဖြစ်သည်။ ထို့ပြင်ပဲခူးခရိုင်တွင် ၂၇,၅၄၉

နှင့်

| | |
|---|---|
| တောင်ငူခရိုင်တွင် | ၂၇,၄၄၃၊ |
| မန္တလေး ခရိုင်တွင် | ၆,၃၃၆၊ |
| ရမည်းသင်းခရိုင်တွင် | ၇,၄၇၄၊ |
| ကျောက်ဆည်ခရိုင်တွင် | ၅,၆၄၉၊ |
| ပုသိမ်ခရိုင် | ၂,၉၉၀၊ |
| ဖျာပုံ | ၂၇,၇၄၅၊ |
| မအူပင် | ၂၄,၅၅၅၊ |
| သာဝတီခရိုင် | ၉,၈၀၀၊ |
| ဟင်္သာတ ခရိုင် | ၃၁,၈၆၉၊ |
| မြောင်းမြခရိုင် | ၁၁,၈၀၄၊ |
| ရွှေလောင်း–ပန်းတနော်ခရိုင် | ၉,၈၈၉ |
| စုစုပေါင်း | ၁၉၄,၁၄၃– |

ဤမျှသော စာရင်းကိုလည်း အထက်ပါ ၁၉၃၁–သန်းခေါင်စာရင်းအစီရင်ခံစာတွင် မတွေ့ရပါ။ အထက်ပါချင်း လူဦးရေစာရင်း ကိန်းဂဏန်းများကိုပြန်ပေါင်းလိုက်လျှင် ၄၇၂,၅၈၈ ရှိနေသည်ကိုတွေ့ရပါမည်။ သို့ပင်ဖြစ်စေ၊ ၁၉၃၁–မှသည် ၂၀၁၄–ခုနှစ်ထိ နှစ်ပေါင်း ၁၀၀ နီးပါးကာလတွင် အနည်းဆုံးချင်းလူဦးရေသည် ၁၀–ဆထက်မနည်းတိုးပွါးမည်သာဖြစ်၍၊ ယခုအချိန်တွင် မြန်မာနိုင်ငံတဝှမ်းလုံးရှိချင်းလူဦးရေသည် ၄၇,၂၅,၈၈၀ ထက်မနည်း၊၅သန်းမျှရှိနိုင်ပြီဖြစ်သည်။

၁၉၃၁–ခုနှစ်သည် မြန်မာပြည်အား ဗြိတိသျှ–အိန္ဒိယမှမခွဲထုတ်မီကာလဖြစ်ပြီး၊လူသူအရောက်အပေါက်နည်းသောချောင်ကျသည့်ဒေသများအပြားရှိနေသေးရာ၊ စာရင်းမကောက်ရသည့်နေရာများမှချင်းလူဦးရေများလည်း ကျန်ရစ်မည်ဖြစ်သည်။ ၄င်းဒေသများမှ စာရင်းမကောက်လိုက်ရသည့်ချင်းများကို ထိုစဉ်ကာလခန့်မှန်းခြေအရ၊ အနည်းဆုံး ၃၀,၀၀၀ခန့်ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်လျှင်ချင်းတို့သည် ၁၉၃၀–ကာလတွင် ၅၀၀,၀၀၀–ထက်မနည်းနိုင်ပေ။ ယခုတွင် ၅–သန်းထက်မနည်းရှိချေတော့ မည်ဖြစ်သည်။ ထို့ပြင်မြန်မာနိုင်ငံ တဝှမ်းလုံး ရှိချင်းများအနက်လူသိနည်းသော ဆွေမျိုးစုအချို့ကိုတင်ပြသွားပါမည်။

ချင်းပြည်နယ် ဟာခါးခရိုင်နှင့်မတူပီ၊ ပလက်ဝ၊ မင်းတပ်နယ်တို့ထိစပ်ရာဒေသတွင်ဝေလောင်း၊ တမန်း၊ ဇိုလမ်နိုင်၊ မရာ၊ တအော/တအို့၊ ပွါလ်နမ်၊ ခူမီးအခေါ် ပေါမ်နောင်၊ ခေါင်တူ၊ ခေါင်စို၊ အနူး၊ မယာ၊ ဆီတူး၊ ဝါကောင်း၊ လိုင်ဇို၊ ခမင်း/ခမန်း၊ ကျင်ဒွေးစသည်များလည်းရှိပါသေးသည်။ ပခုက္ကူတောင်တန်းတွင် ချင်းပုတ်၊ ချင်းပုန်း၊ ချင်းမဲ၊ ယင်ဒူး၊ ေတာင်သား၊ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်၊ နယ်စပ်ဒေသများရှိချင်းများ။ ကောက်ကဒန်း၊ ပို၊ မုံယင်၊ ကို၊ ကယင်/ကျင်၊ စစ်တူ၊ လိုင်ဒူ၊ မတု၊ ခမိ၊ တဖန်မြေပြန့်နေ အရှိုချင်းများအခြေအနေကိုတင်ပြပါဦးမည်။ အရှိုချင်းအားဆွေမျိုးစု ၃၆၊ ပြောဆိုသုံးစွဲသော ဒေသိယဘာသာစကားကွဲအုပ်စု ၄–ခုရှိရာ၊ ၄င်းတို့မှာ ကောင်းတူ၊ စွန်းတူ၊ လိုင်းတူ၊ စိုင်ဘောင်ဟူ၍ဖြစ်သည်။ ၄င်းတို့နေထိုင်ရာဒေသိယဘာသာကွဲအသီးသီးတို့နေထိုင်ရာဒေသတို့မှာ–အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကောင်းတူတို့သည် မင်းဘူးခရိုင် စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်း၊ မင်းဘူး၊ မင်းလှ၊ မကွေး၊ မြင်းခြံ၊ နွားထိုးကြီး၊ ရေနံချောင်း၊ ရေနံချတ်၊ ပခုက္ကူ၊ စလင်း စသည်များ။

၂။ စွန်းတူတို့မှာ မြေပုံ၊ အမ်း၊ မင်းပြား၊ တောင်ကုတ်၊ ဂွ၊ ကျိန်တလီ၊ စစ်တွေ၊ ပေါက်တော၊ မန္တလေး၊ ကျောက်ဆည်၊ ရမည်းသင်း၊ နတ်မောက်၊ မိတ္ထီလာ၊ မြင်းခြံ၊ လယ်ဝေး စသည်များ။

၃။ လိုင်းတူများမှာ ရမ်းဗြဲ၊ မာန်အေ–ာင်၊ ကျိန်တလီ၊ လေးမျက်နှာ၊ တောင–ကုတ်၊ မြန်အောင်၊ ဟင်္သာတ၊ ပုသိမ်၊ ပန်းတနော်၊ မအူပင်၊ ဖျာပုံ၊ ဘိ–ုကလေး၊ တိုက်ကြီး၊ မှော်ဘီ၊ ရန်ကုန် စသည်များ။

၄။ စိုင်ဘောင်များမှာ ဂွ၊ သံတွဲ၊ကျောက်ဖြူ၊ အောင်လံ (အာလံ)၊ သရက်၊တောင်တွင်းကြီး၊ ပြည်၊ ကြံခင်း၊ ပန်းတောင်း၊ ပျဉ်းမနား၊ လယ်ဝေး၊ တောင်ငူ၊ ရန်ကုန် စသည်များ။

အထက်ပါစာရင်းများနှင့်လူဦးရေစာရင်းကိန်းဂဏန်းသည်တိကျမှန်ကန်သည်ဟု မဆိုနိုင်ပါ၊ ခန့်မှန်းခြေများသာဖြစ်နိုင်သည်။ လက်လှမ်းမီရာစာရွက်စာတမ်းများ၊ လေ့လာရေးမှတ်တမ်းများ၊စာနယ်ဇင်းများမှ တကူးတက လေ့လာစုဆောင်းရာမှကောက်နှုတ်တင်ပြချက်များသာဖြစ်သည်။ ၂၀၁၄–ခုနှစ်သန်း ခေါင်စာရင်းထုတ်ပြန်ချက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ လူဦးရေစာရင်းများကိုသာထုတ်ပြန်ပေးပြီး၊တိုင်းရင်းသားလူမျိုးစုကြီးများ၏ လူဦးရေစာရင်းကို နိုင်ငံတော်အစိုးရမှမထုတ်ပြန်ဝံ့ခဲ့သည်ကိုစာဖတ်ပရိသတ်များရိပ်မိပြီးဖြစ်ပါလိမ့်မည်။

ငါတို့က ချင်းမဟုတ်၊ ကူကီး၊ ခူမီး၊ ဇိုမီး၊ မီဇိုး၊ မြို၊ နာဂ စသည်ဖြင့်ဝိဝါဒမကွဲသင့်ပြီ။ ချင်းလူမျိုးတစ်မျိုးတည်းသာရှိသည်ကို တသွေးတသံတည်းဖြင့်လက်ခံ၊ ခံယူသင့်ကြပေပြီ။ သို့ဆိုလျှင် သူတပါး၏လေးစား၊ခန့်ညားရှိသေမှုကိုလည်းခံရမည်၊ နိုင်ငံရေးနယ်ပါယ်တွင်လည်း ပိုမိုအရေးပါတွင်ကျယ်လာနိုင်မည်ဖြစ်ပေသည်။ လူ့သဘာဝအရ၊ အရည်အချင်းထက် အရေအတွက်ကိုရှေ့တန်းတင်တတ်ကြစမြဲဖြစ်၍၊ချင်းလူဦးရေကို တိကျစွာဖော်ထုတ်နိုင်ဖို့၊ စစ်တမ်းကောက်ယူရန်အချိန်တန်နေပြီဖြစ်သည်။ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအစည်းအရုံးများ၊ ဘာသာရေးနှင့် သာသနာပြုအဖွဲ့အစည်းများအသီးသီးမှ ပါဝင်ပြီး၊ ဖော်ဆောင် မည်ဆိုလျှင်၊ ပိုမိုခရီးရောက်နိုင်ပေလိမ့်မည်ဖြစ်သည်။

စာရေးသူလေ့လာမှတ်သားခဲ့ဖူးသည့်မှတ်တမ်းတစ်ခုတွင်၊ မြန်မာနိုင်ငံတွင်မြန်မာက ၂၀%၊ ရှမ်းက ၁၀%၊ ကရင်က ၁၀%၊ ရခိုင်က ၅%၊ မွန်က ၂%၊ ချင်းက ၁%ဟုဖော်ပြထားသည်ကိုတွေ့ခဲ့ဖူးသည်။ မကြာသေးမီက နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏မိန့်ခွန်းတွင်တိုင်းရင်းသားများဒေသအသီးသီး၌မြန်မာဦးရေကလွှမ်းမိုးနေကြောင်းပါရှိနေရာ၊ စာရေးသူအနေဖြင့်၊ တဖက်စောင်းနင်းကျလှသည်ဟု ခံစားမိသည်။ အဆိုပါမိန့်ခွန်းသည်လူမျိုးကြီးဝါဒကိုအမြဲထာဝရကြိုးကိုင် သွားမည့်နိမိတ်ဗျာဒိတ်ပင်ဖြစ်ချေပြီ။ သို့ဆိုလျှင်ဗမာတောင်ပေါ်ရောက်၊ချင်းမြစ်ရေသောက်ဟူသောတဘောင်အတိုင်းချင်းတို့သည်မိမိတို့မွေးရပ်ဒေသကိုစွန့်ခွါပြီး၊ သူတပါးတို့၏ဝါးမြိုခြင်းခံရန်မြစ်ကမ်းနားရှိရာ အောက်မြေအောက်ရပ်၊ မြေပြန့်ဒေသများသို့ရွှေ့ပြောင်းနေထိုင်ကြတော့မည်လော။

ထိုအခါ၌မူ၊ ချင်းတောင်၊ ချင်းပြည်နယ်ဟူသည်စာတွင်သာထင်ကျန်ရစ်ပြီး၊ချင်းလူမျိုးကိုကား တွေ့ရတော့မည်မဟုတ်ဘဲ၊ ချင်းကကုန်ကြမ်း၊ ဗမာကကုန်ချောဟူသောပြင်သစ်စာရေးဆရာ V.C. Scott O'Connor ၏သုံးသပ်ချက်စကားသည်အမှန်ဧကန်ဖြစ်လာပေတော့မည်။

Sources:
Census of Indiaç 1931 Vol. XIç Part.I A Report by I. J. Bennison by Capt. J. H. Green
A note on the Indigenous Races of Burma ( Rangoonç Government Printing Pressç 1931), 198
The Silken East by V. C. Scott O'Connor

## ၂၀၁၉ မှာ ထွက်ရှိလာမယ့် Fast & Furious 9



Dwayne Johnson နဲ့ Jason Statham တို့ အဓိကဇာတ်ကောင်အနေနဲ့ပါဝင်လာမယ့် Fast & Furious 9 ကိုတော့ ရုပ်ရှင်ထုတ်လုပ်ရေး Universal Pictures က သောကြာနေ့ဖြစ်တဲ့ ဇူလိုင်လ၂၆ ရက်နေ့ ၂၀၁၉ ခုနှစ်မှာတရားဝင်ထုတ်လုပ်သွားမယ်လို့ကြေညာလိုက်ပါတယ်။

အစပိုင်းမှာတော့ Tyrese ရဲ့ ပို့စ်ကြောင့် ၂၀၂၀ မှာ ထွက်ရှိလာမယ်လို့ ထင်ကြေးပေးခဲ့ကြပေမယ့် တကယ်တမ်းကျတော့ ၂၀၁၉ မှာ ထွက်ရှိသွားတော့မှာပါ။ Tyrese ကတော့သူ့ရဲ့ အင်စတာဂရမ်မှာ #PSA Congratulations to @TheRock and your brother in law aka 7 bucks producing partner @ hhgarcia41 for making the fast and the furious franchise about YOU – And like youç DJ even if they call I will not be deleting this post – Gn folks see you in 2020 April #FastFamily right¿ Nah….. it's about #TeamDewayne#3yrs will it be worth the wait¿ #NoShaw just Hobbs will this be another #Bay-Watch¿ Guys guys just rela_ I'm just a passionate film critic လို့ ရေးသားထားခဲ့တာပါ။

၂၀၁၇ ဧပြီလမှာ ထွက်ရှိလာခဲ့တဲ့ Fast & Furious 8 (The Fate of the Furious)ကတော့အနည်းငယ်ဝေဖန်မှုတွေခံခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒေါ်လာ ၁.၂၃၈ ဘီလျံအထိ စံချိန်တင်ဝင်ငွေရရှိခဲ့ပြီး ဒီဇာတ်ကားထဲမှာတော့ Vin Dieselç Dwayne Johnson, Jason Statham, Michelle Rodriguez, Tyrese Gibson နဲ့ Ludacris တို့ အဓိကပါဝင်ခဲ့ကြပြီးအထူးသရုပ်ဆောင်တွေအဖြစ် s Charlize Theronç Kurt Russell နဲ့ Scott Eastwood တို့က ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။သစ်ထူးလွင်

## Creed 2 ဇာတ်ကားကို ကိုယ်တိုင်ဒါရိုက်တာလုပ်၍ ရိုက်ကူးထုတ်လုပ်မည့် စတားလုံး



မင်းသားကြီး ဆီဗက်စတားလုံးက သူသည် ၂၀၁၅ ခုနှစ်ကထွက်ရှိခဲ့သည့် လက်ဝှေ့ဇာတ်ကား Creed ၏ဒုတိယဇာတ်ကား Creed ၂ ကိုကိုယ်တိုင်ဒါရိုက်တာလုပ်၍ရိုက်ကူးထုတ်လုပ်မည်ဖြစ်ပြီး မင်းသားများအဖြစ်သူနှင့် မိုက်ကယ်ဘီဂျော်ဒန်တို့က ဦးဆောင်သရုပ်ဆောင်သွားမည်ဟု ကြေညာခဲ့သည်။

စတားလုံးသည် တနင်္လာနေ့က သူ၏အင်စတာဂရမ်၌ သူနှင့်ဂျော်ဒန်တို့အတူရိုက်ထားသော ဓာတ်ပုံကိုတင်ခဲ့ပြီး 'မိုက်ကယ်ဘီဂျော်ဒန်နဲ့အတူ လာမယ့်နှစ်မှာ Creed ၂ ကို ရိုက်ကူးထုတ်လုပ်သွားဖို့ရှိပါတယ်။ တစ်ကျော့ပြန်လာပါဦးပါမယ်' ဟုပုံနှင့်တကွစာရေးသားကာပရိသတ်များကိုအသိပေးခဲ့သည်။

၂၀၁၅ခုနှစ်ကထွက်ရှိခဲ့သော Creed ကိုဒါရိုက်တာရိုင်ယန်ကူဂလာက ရိုက်ကူးခဲ့ပြီး Rocky လက်ဝှေ့ဇာတ်ကားများ၏ အဆက်အဖြစ်ပုံဖော်ခဲ့သည်။ ထိုဇာတ်ကားထဲ၌စတားလုံး၏ ဇာတ်ကောင်ရော့ကီးဘာလ်ဘိုအာ၏သူငယ်ချင်းကောင်းတစ်ဦးဖြစ်သောအပိုလိုခရိဒ်၏ သားဖြစ်သူ အဒိုးနစ်ခရိဒ်အဖြစ် ဂျော်ဒန်က သရုပ်ဆောင်ခဲ့သည်။

Creed ဇာတ်ကားသည်ရုံဝင်ငွေဖယား၌အောင်မြင်ခဲ့ပြီးကမ္ဘာတစ်ဝှမ်းမှ ရုံဝင်ငွေဒေါ်လာ ၁၇၃ သန်းခန့်ရရှိခဲ့သည်။ ဒါ့အပြင် စတားလုံးသည် အကယ်ဒမီဆုပေးပွဲ၌ ထိုဇာတ်ကားနှင့်အတူ အကောင်းဆုံးဇာတ်ပို့မင်းသား အဖြစ် ဇကာတင်စာရင်းထဲတွင်ပါဝင်ခဲ့သလို ရွှေကမ္ဘာလုံးဆုကိုလည်းဆွတ်ခူးနိုင်ခဲ့သည်။ Creed 2 ၏ရိုက်ကူးရေးများကိုလာမည့်နှစ်၌ စတင်သွားမည်ဖြစ်ကြောင်း စတားလုံးက ပြီးခဲ့သော စက်တင်ဘာလ (၁) ရက်နေ့တွင် ကြေညာခဲ့သည်။ mizzima

## ကိုယ်ဝန်ရှိနေပြီဖြစ်တဲ့ Khloe Kardashian




နောက်ထပ် Kardashian တစ်ယောက်ကတော့ထပ်ပြီးကိုယ်ဝန်ရှိလာပြန်ပါပြီ။ သူကတော့ Khloejzp-faMumif; TMZ ကဖော်ပြခဲ့ပါတယ်။ Khloe Kardashian ဟာ NBA အမေချစ်သူ Tristan Thompson နဲ့ သူ့ရဲ့ ပထမဆုံး ကိုယ်ဝန်ကိုရရှိနေပြီဖြစ်တယ်လို့သတင်းရင်းမြစ်တွေထံကနေသိခဲ့ရကြောင်းဖော်ပြခဲ့ပါတယ်။

TMZ ရဲ့ owif;t& Khloe ဟာ ကိုယ်ဝန် ၃ လရှိနေပြီဖြစ်ပြီးမိန်းကလေးလား၊ ယောကျ်ားလေးလားဆိုတာတော့ မသိရသေးပါဘူး။

ယခုလက်ရှိမှာ Kardashian မိသားစုထဲက အခြားညီအစ်မတွေဖြစ်တဲ့ Kim, Kylie တို့ဟာလည်း ကလေးရှိနေပြီဖြစ်ပြီး လာမယ့်နှစ်ဖေနဝါရီမှာ မွေးဖွားဖို့မျှော်လင့်ထားကြပါတယ်။

Khloe နဲ့ Tristan တို့ဟာ တွဲနေတာ တစ်နှစ်လောက်ရှိနေပြီဖြစ်ပါတယ်။ သစ်ထူးလွင်

## ပထမဦးဆုံးရင်သွေး လေးရရှိတော့မည့် ကင်မ်ဟာနူလ်



တောင်ကိုရီးယားမင်းသမီး ကင်မ်ဟာနူလ်သည် ယခုအခါတွင် သူမ၏ပထမဦးဆုံးရင်သွေးလေး ကိုယ်ဝန်ကိုလွယ်ထားရပြီဖြစ်သည်။

အောက်တိုဘာလ ၁၀ ရက်နေ့–တွင် သူမ၏အေဂျင်စီဖြစ်သော SM C&C က "ကင်မ်ဟာနူလ်မှာကိုယ်ဝန်ရှိနေပြီလို့ မကြာသေးခင်ကမှသိလိုက်ရပါတယ်။ အခုချိန်မှာကိုယ်ဝန်ဆောင်ချိန်နုသေးတာကြောင့် သူမဟာသူမရဲ့ ကျန်းမာရေးကို အထူးဂရုစိုက်နေပါတယ်။ သူမကိုယ်ဝန်လွယ်ထားရပြီဖြစ်တဲ့အတွက် သူမရဲ့မိသားစုဟာ အရမ်းကို ပျော်ရွှင်နေပါတယ်" ဟု အတည်ပြုကြေညာခဲ့သည်။

ကင်မ်ဟာနူလ်သည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော သူမ၏ ခင်ပွန်းဖြစ်သူနှင့် တစ်နှစ်ကျော်ကြာချစ်သူ အဖြစ် လက်တွဲခဲ့အပြီး၌ လွန်ခဲ့သော ၂၀၁၆ ခုနှစ် မတ်လတွင် တရားဝင်လက်ထပ်ခဲ့သည်။

သူမသည် ကနဦးကအောက်တိုဘာ ၁၂ရက်နေ့တွင် ကျင်းပမည့် ၂၂ ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အစီအစဉ်တင်ဆက်အဖြစ် ပါဝင်ဆောင်ရွက်ရန်စီစဉ်ထားသော်လည်း သူမ၏ကိုယ်ဝန်ကြောင့်နုတ်ထွက်ခဲ့ရသည်။ ထို့ကြောင့် Girils' Generation အဖွဲ့မှ YoonA က သူမ၏နေရာ၌ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ mizzima

# တီဘီရောဂါပိုးအား ကုသပေးနိုင်မည့် ဆေးဝါးသစ်တစ်မျိုးအား စမ်းသပ်နေ



ဘက်တီးရီးယား ကူးစက်ခြင်းအား ကုသမှုအတွက် အသုံးပြုရန် ၁၉၆၃ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။ ပဋိဇီဝပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် cephalosporin ပထမမျိုးဆက်ဆေးဝါးများသည် ယခုအခါ တီဘီရောဂါကုသမှုအတွက် အစွမ်းအာနိသင်များရှိနေကြောင်း ထုတ်ဖော်တွေ့ရှိခဲ့သည့် သုတေသနသစ်တစ်ခုကို Scientific Reports ဂျာနယ်တွင် ဖော်ပြလိုက်ပါသည်။ ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံး ဖြစ်စေသောရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ တီဘီရောဂါ အားကုသရန်အနည်းဆုံးဆေး ခြောက်လခန့်သောက်နေရပြီး ဆေးယဉ်ပါးတီဘီဖြစ်ပွားမှု၏ အန္တရာယ်များအား ခြိမ်းခြောက်ခံနေရသည်။ တီဘီဆေးသစ် တီထွင်ဖန်တီးရဖို့ အတွက် ကုန်ကျစရိတ်မှ ၂.၆ ဘီလီယံအထိ ကုန်ကျနေရပြီဖြစ်ကြောင်း လေ့လာမှုများကဆိုသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ ၄င်း cephalosporin ဆေးဝါးသည် တီဘီပိုးအား ထိရောက်စွာ သုတ်သင်ရှင်းလင်းနိုင်စွမ်းရှိပြီး လက်ရှိ သာမရိုးကျ ကုထုံးများနှင့် ကုထုံးသစ်များတို့ဖြင့် ပေါင်းစပ်ကုသပါက ပိုထိရောက်မှုရှိကြောင်း သိရပါသည်။ လေ့လာမှုကို ဦးဆောင်ခဲ့သည့် ဂဏုဇီဝပညာရှင် UUniversity of British Columbia (UBC) မှ ဆန်ဒီယေလိုယေမွန်ဂါဇီယာကယင်း cephalosporinဆေးဝါးသည် သောက်ဆေးဖြစ်ပြီး ယုံကြည်စိတ်ချ ရသည့် မှတ်တမ်းများလည်းရှိကြောင်း ပြောကြားခဲ့ပါသည်။ သစ်ထူးလွင်

# ဆောင်းတွင်းမှာ ရေချိုးရမှာကြောက်ရွံ့သူတွေဟာ လေးလံထိုင်းမှိုင်းနေတတ်



ဆောင်းတွင်းမှာအအေးဒဏ်ကို ကြောက်နေတာကြောင့် ရေမချိုးတတ်တဲ့သူတွေဟာဆိုရင်တော့ ပုံမှန်ရေချိုးတဲ့သူတွေနဲ့ ယှဉ်လိုက်တဲ့အခါမှာ ပိုကျန်းမာတာကိုတွေ့ရပါတယ်။ ရေချိုးတာဟာဆိုရင် မိမိရဲ့ခန္ဓာကိုယ်တွင်းက အခိုးအပုတ်တွေကိုဖယ်ရှားလိုက်ပြီး စိတ်ကိုကြည်လင်စေတာကြောင့် သင့်ကိုယ်သင်ယုံကြည်မှုကတော့ အမြင့်ဆုံးနေရာမှာရှိနေမှာပါ။

ကျွန်တော်တို့ဟာဆိုရင်ရာသီဥတုအေးမြနေတဲ့ အချိန်မှာရေချိုးရမှာကို ကြောက်နေတတ်ကြပြီးပျင်းရိတတ်ကြပါတယ်။ ရေချိုးတဲ့အချိန်မှာဆိုရင်ပထမဆုံးရေတစ်ခွက်လောက်ကသာပဲသင့်ကို အလွန်အမင်းအေးမြစေမှာဖြစ်ပြီး နောက်ထပ်ဆက်တိုက်လောင်းလိုက်တဲ့အချိန်မှာတော့ကိုယ်တွင်းကအပူတွေထွက်သွားတာကြောင့် သိပ်မအေးတော့ဘဲနေသားကျသွားမှာဖြစ်ပါတယ်။

အကယ်လို့သင်ဟာရေမချိုးဖြစ်ခဲ့ရင်တော့ ခန္ဓာကိုယ်တွင်းမှာအခိုးငုတ်တာ၊ မသန့်တာ၊ လေချုပ်တာ၊ သွားနာတာနဲ့ မျက်စိဝေတာ၊ ဆံပင်ကျွတ်တာတွေဖြစ်နိုင်သလို ခေါင်းမူးတာတွေတောင်ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် လူပုံစံကိုကြည့်လိုက်ရင်လည်းဖျတ်ဖျတ်လတ်လတ်မရှိဘဲနဲ့ ထိုင်းမှိုင်းနေတတ်တာကိုတွေ့ရမှာပါ။

ရေချိုးရင်တော့ သင်ဟာဒီပြဿနာတွေကနေ ရှောင်လွှဲနိုင်မှာဖြစ်ပြီးတော့ နေလို့ထိုင်လို့ကောင်းမွန်တာကိုတွေ့ရမှာပါ။ သင့်ရဲ့အာရုံကြောအခြေအနေဟာဆိုရင်လည်း ဖွံ့ဖြိုးနေမှာဖြစ်ပြီးအဆစ်အမြစ်ကိုက်ခဲတာတွေ၊ ဇက်ကြောတက်တဲ့ပြဿနာတွေကိုလည်းရှောင်လွှဲသွားနိုင်မှာပါ။ ရေချိုးရာမှာလည်း မိမိနေထိုင်တဲ့ပတ်ဝန်းကျင်ပေါ်မူတည်ပြီးတော့ တစ်ရက်ခြားတစ်ခါလိုမျိုး ပုံမှန်ရေချိုးနှုန်းကိုသတ်မှတ်ပေးသင့်ပါတယ်။ ရေနွေးကို အချိုးကျရောစပ်ပြီးချိုးတာကလည်း သင့်ရဲ့အကြောတွေကို ပိုမိုအညောင်းပြေစေမှာပါ။ သစ်ထူးလွင်

# ခြေဆီနံ့ထွက်ခြင်းပျောက်ကင်းစေနိုင်ဖို့ ရိုးရှင်းတဲ့နည်းလမ်း (၁၀)မျိုး

သင့်ခြေထောက်ကထွက်လာတဲ့ အနံ့ဆိုးတွေကြောင့်စိတ်အနှောင့်အယှက်ဖြစ်ပြီး ရှက်ရွံ့ခြင်းကို ခံစားနေရပါသလား။အောက်ဖော်ပြပါဆောင်းပါးမှာ ခြေဆီနံ့ကိုဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ ရိုးရှင်းတဲ့နည်းလမ်း ၁၀မျိုးကို ဖော်ပြပေးထားပါတယ်။



### ၁။ မုန့်ဖုတ်ဆော်ဒါ

မုန့်ဖုတ်ဆော်ဒါဟာ ခြေနံ့ပျောက်စေတဲ့နေရာမှာ အလွန်ထိရောက်တယ်လို့ အသိများပါတယ်။ ခြေဖဝါးရဲ့စံပမာဏကို ဓာတ်ပြယ်စေပြီး ဘက်တီးရီးယားတွေကို လျှော့ချပေးပါတယ်။ မုန့်ဖုတ်ဆော်ဒါ စားပွဲဇွန်းတစ်ဇွန်းကိုကြက်သီးနွေးရေဒါမှမဟုတ်ရေနွေး ၀.၉၄ လီတာနဲ့ ရောလိုက်ပါ။ နေ့စဉ်ဒီအရောထဲကို ၁၅မိနစ်မှ မိနစ်၂၀ထိခြေထောက်နှစ်ပေးပါ။ တစ်ပတ်လောက် ဆက်တိုက်လုပ်ပေးလိုက်တဲ့အခါ ထူးခြားမှုကိုတွေ့ရပါလိမ့်မယ်။

### ၂။ လာဗင်ဒါ အဆီ

လာဗင်ဒါဟာအနံ့မမွှေးပေမယ့် ဘက်တီးရီးယားတွေကိုသေစေနိုင်ပါတယ်။ ဒါ့အပြင် လာဗင်ဒါမှာမှိုမကပ်စေတဲ့အရာတွေပါဝင်ပြီး ဒါတွေက ခြေနံ့ကိုဖယ်ရှားပေးနိုင်ပါလိမ့်မယ်။ လာဗင်ဒါ အဆီ အစက်အနည်းငယ်ကို ရေနွေးသို့မဟုတ် ကြက်သီးနွေးရေထဲထည့်ပါ။ ဒီအရည်ထဲမှာ ခြေထောက်ကို ၁၅မိနစ်မှ မိနစ်၂၀ထိစိမ်ထားပါ။ တစ်ရက်၂ကြိမ်လုပ်ပြီး ရက်အနည်းငယ်ကြာလာတဲ့အခါမှာ ခြေနံ့စတင်ပြီးပျောက်သွားပါလိမ့်မယ်။

### ၃။ ကျောက်ချဉ်

ကျောက်ချဉ်မှုန့်မှာ ပိုးသေစေသောအာနိသင်တွေကြွယ်ဝစွာပါဝင်ပါတယ်။ ဒါကြောင့် ကျောက်ချဉ်ကိုသုံးတာလည်းခြေနံ့ပျောက်ကွယ်သွားဖို့နည်းလမ်းတစ်ခုပါပဲ။ ကျောက်ချဉ်–အမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေနွေးနွေးတစ်ခွက်ထဲထည့်ပါ။ဒီအရည်နဲ့ခြေထောက်ကို ၁၅မိနစ်မှ မိနစ်၂၀ ထိ သေချာဆေးကြောပြီးအခြောက်ခံပါ။ မြန်မြန်သိသာချင်ရင်တော့ကျောက်ချဉ်အမှုန့်အချို့ကိုယူပြီးခြေထောက်မှာဖြူးထားပေးနိုင်ပါတယ်။နေ့စဉ်လုပ်ပေးပါ။

### ၄။ ဆားခါး

ခြေနံ့ထွက်ခြင်းကိုကုသပေးနိုင်တဲ့အပြင် ဆားခါးဟာခြေဖဝါးနာကျင်တဲ့လူတွေအတွက်လည်းကောင်းမွန်ပါတယ်။ ဆားခါး လက်ဖက်ရည်ဇွန်း၂ဇွန်းကို ရေနွေးနွေးထဲထည့်ပါ။ ၁၀မိနစ်မှ ၁၅မိနစ်ထိ ခြေထောက်စိမ်ပါ။ တစ်ရက်တစ်ကြိမ်ပြုလုပ်ပေးပါ။

### ၅။ လက်ဖက်မည်း (Black tea)

လက်ဖက်မည်း အိတ်၂အိတ်ကို ရေဆူဆူ၃ခွက်ထဲ အတူတူထည့်ပြုတ်ပါ။ ပြီးတဲ့နောက်ရလာတဲ့အရည်ကို အေးသွားအောင်ရေတစ်ပုံးလောင်းထည့်ပါ။ ၁၅မိနစ်မှ မိနစ်၂၀ထိ အရည်ထဲခြေထောက်စိမ်ပါ။ နေ့စဉ်လုပ်ပေးပါ။

### ၆။ ရှာလကာရည်

ရှာလကာရည်တစ်ခွက်နဲ့ ရေ ၆ ခွက်မှ ၈ခွက်ထိ ရောပါ။ ၁၀မိနစ်မှ ၁၅ မိနစ်ထိခြေထောက်စိမ်ပါ။ ပြီးရင်ရေနဲ့သေချာပြန်ဆေးပေးပါ။ တစ်ရက်တစ်ကြိမ်လုပ်ပါ။

### ၇။ Bora_(လက်ချား)

Bora (လက်ချား)တစ်ခွက်၊ ရှာလကာရည်ဆတူ၊ ရေ ၂ ခွက်စတာတွေကိုရောပါ။ သင့်ရဲ့ရှူးဖိနပ်အတွင်းတွေကို ရလာတဲ့ပျော်ရည်နဲ့ဖြန်းပါ။ ဒါမှမဟုတ်ဖိနပ်မစီးခင် ရှူးဖိနပ်တွေပေါ်မှာ bora_powder(လက်ချားအမှုန့်) အချို့ဖြူးပေးပါ။

### ၈။ သကြား

ခြေဖဝါးရဲ့ ဆဲလ်သေတွေကို ဖယ်ရှားဖို့နဲ့ ခြေနံ့ကိုဖျောက်နိုင်ဖို့ သကြားကိုသုံးပါ။ သကြား၊ ရေ နဲ့ isopropyl alcool ၉၁ ရာခိုင်နှုန်း အထက်တို့ကို ရောလိုက်ပါ။ ရလာတဲ့အရောနဲ့ ခြေထောက်ကို ၅မိနစ်မှ ၁၀မိနစ်ထိတိုက်ပေးပါ။ ဒါက ဆဲလ်သေတွေကို ဖယ်ရှားပစ်နိုင်ပါတယ်။ တစ်ပတ်ကို ၃ကြိမ်လုပ်ပေးပါ။

### ၉။ ကလျာဏီပင်

အနံ့တွေကင်းစင်သွားဖို့ကလျာဏီပင် ကိုဖိနပ်တွေနဲ့ခြေအိတ်တွေပေါ်မှာထားပေးနိုင်ပါတယ်။ နောက်နည်းလမ်းတစ်ခုကတော့ သင့်ခြေထောက်တွေကို ကလျာဏီလက်ဖက်ရည် ထဲမှာစိမ်ပေးတာကလည်း ခြေနံ့ကိုပျောက်ကင်းစေနိုင်ပါတယ်။

### ၁၀။ ချင်း

ချင်းကို အရင်ထောင်းလိုက်ပါ။ ရလာတာတွေကိုရေနွေးတစ်ခွက်နဲ့ ရောပြီးခြေထောက်ကို ၁၀မိနစ်မှ၁၅မိနစ်ခန့်ထိ နှိပ်နယ်ပေးပါ။ နေ့စဉ်လုပ်ပါ။ ဆရာဝန်ဆီမသွားခင်မှာ အထက်ပါ လွယ်ကူတဲ့အိမ်တွင်းသုံးနည်းလေးတွေကိုအရင်စမ်းကြည့်ပါ။ ဘယ်လောက်ထိရောက်သလဲဆိုတာမြင်လိုက်တဲ့အခါမှာ သင်အံ့သြသွားမှာအသေအချာပါပဲ။

mizzima

## မက်ဆီကို ဇန်နဝါရီလမှာ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၃၅၇ သန်းဖြင့် မန်စီးတီးအသင်း ကမ်းလှမ်းရန် ပြင်ဆင်နေ



မန်စီးတီးအသင်းဟာ ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဘာစီလိုနာအသင်းတိုက်စစ်မှူးမက်ဆီကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၃၅၇ သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်းသတင်းများကဖော်ပြကြပါတယ်။

မက်ဆီရဲ့ စာချုပ်သက်တမ်းတိုးကြန့်ကြာမှုက မန်စီးတီးအသင်းအတွက် အကူအညီဖြစ်စေနိုင်ပြီး ယခုရာသီကပ်ပီအက်စ်ဂျီအသင်းကို ရောက်ရှိသွားတဲ့ နေမာရဲ့ ပြောင်းရွှေ့ကြေး ပေါင် ၁၉၅ သန်းကိုလည်း ကျော်ဖြတ်ကမန်စီးတီးအသင်းက ခေါ်ယူနိုင်ဖွယ်ရှိနေပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ မက်ဆီရဲ့စာချုပ်ကိုသက်တမ်းတိုးနိုင်ခြင်းမရှိခဲ့ပါက ရာသီကုန်ဆုံးချိန်မှာအခြားအသင်းများနှင့် အပြောင်းအရွှေ့အတွက်ဆွေးနွေးခွင့်ပေးရမှာဖြစ်ပါတယ်။

ဘာစီလိုနာဥက္ကဋ္ဌကတော့အင်နီယေစတာကို တစ်သက်တာစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အသက် ၃၀ အရွယ်ရှိ မက်ဆီဟာ နူကမ့်မှာ ဆက်ရှိနေပါလိမ့်မယ်လို့အခိုင်အမာ ပြောဆိုထားပါတယ်။


ဒါပေမယ့်မန်စီးတီးအနေဖြင့် မက်ဆီကို ခေါ်ယူရန်အတွက်သူနှင့်နီးစပ်သူများနှင့် တွေ့ဆုံကာလေးလေးနက်နက်ဆွေးနွေးမှုများပြုလုပ်ခဲ့တယ်လို့ AS စပိန်သတင်းစာကဖော်ပြထားပါတယ်။ မန်စီးတီးနည်းပြ ဂွာဒီယာဟာ ၄င်းရဲ့ကစားသမားဟောင်းနဲ့ပြန်လည်ပေါင်းစုံခွင့်ရရန် အလိုရှိနေတယ်လို့လည်းသိရပါတယ်။ mizzima

## ကော်တင်ဟိုကို လာမည့်ဇန်နဝါရီလတွင် ခေါ်ယူနိုင်ရန် ဘာစီလိုနာ ထပ်မံကြိုးပမ်း

ဘာစီလိုနာအသင်းသည်ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့က လီဗာပူးလ်တိုက်စစ်ကစားသမားကော်တင်ဟိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သော်လည်းယခုဆောင်းရာသီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန်ထပ်မံကြိုးပမ်းလာခဲ့သည်။


ကော်တင်ဟိုကို ဘာစီလိုနာအသင်းကအကြိမ်ကြိမ်ကမ်းလှမ်းခဲ့ပြီးနောက်ဆုံးပေါင်သန်း၁၃၀ ပေးသည့်အထိ လီဗာပူးလ်က ရောင်းချရန်ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင်လီဗာပူးလ်က ကော်တင်ဟိုအတွက် ပေါင်သန်း ၁၈၀ တောင်းဆိုထားသည်။

ဘာစီလိုနာအသင်း၏ဒါရိုက်တာဆိုလာကလီဗာပူးလ်တောင်းဆိုမှုမှာများပြားကြောင်းနှင့် အသင်းအတွက် အခက်အခဲ ဖြစ်လာနိုင်လျှင် စွန့်စားခေါ်ယူမည်မဟုတ်ကြောင်း ဆိုသည်။



သို့သော် ဘာစီလိုနာအသင်း စီအီးအိုအော်စကာဂရက်ကတော့ ကော်တင်ဟိုကို ခေါ်ယူမည်ဟု အတည်ပြုထားသည်။ “ဆောင်းရာသီအပြောင်းအရွှေ့မှာ ကော်တင်ဟိုကိုခေါ်ဖို့ ကျွန်တော်တို့ကတော့ အဆင်သင့်ပါပဲ။ နည်းစနစ်ပိုင်းဆိုင်ရာ နည်းပြတွေကတောင်းဆိုလို့ပါ” ဟု အော်စကာဂရက်က ဆိုသည်။ mizzima

## ကာဗာနီကို ခေါ်ယူဖို့ဇန်နဝါရီအပြောင်းအရွှေ့မှာ ရီးရဲလ်အသင်းကြိုးစားမည်



ရီးရဲလ်နည်းပြ ဇီဒန်းကတော့ တိုက်စစ်အင်အားကိုဖြည့်တင်းဖို့အတွက် ပီအက်စ်ဂျီအသင်းရဲ့ တိုက်စစ်မှူးကာဗာနီကိုခေါ်ယူသွားဖွယ်ရှိနေပါတယ်။

ရော်နယ်လ်ဒို ပွဲပယ်ပြစ်ဒဏ်ကျခံနေရချိန်မှာတော့ ရီးရဲလ်မက်ဒရစ်တိုက်စစ်က ကမောက်ကမဖြစ်နေခဲ့–ပြီး တိုက်စစ်မှူး ဘန်ဇီမာရဲ့ ဒဏ်ရာပြဿနာကြောင့် လူငယ်တိုက်စစ်မှူးမာယိုရယ်လ်ကို အထောင်တိုက်စစ်မှူးအဖြစ်ထားကာ ကစားစေခဲ့ပါတယ်။

တောင်ပံတိုက်စစ်က ဂါရက်ဘေးလကတော့ ခြေစွမ်းပြနေပေမယ့်လည်း လိုအပ်တဲ့ဂိုးတွေကိုမသွင်းယူနိုင်ပေးနိုင်ခဲ့တာကြောင့် နည်းပြ ဇီဒန်းက ဂိုးတွေသွင်းပေးနိုင်မယ့်တိုက်စစ်မှူးတစ်ယောက်ကို အလိုရှိနေတာဖြစ်ပါတယ်။

စပိန် ဝက်ဘ်ဆိုက် Don Balon ကတော့ ဇီဒန်းဟာ ပီအက်စ်ဂျီမှာအဖုအထစ် အနည်းငယ်ရှိနေတဲ့ တိုက်စစ်မှူးကာဗာနီကို မျက်စိကျနေပြီး ဥရုဂွေးလက်ရွေးစင်တိုက်စစ်မှူးကလည်း နေမာရောက်ရှိလာပြီးတဲ့နောက်ပဲရစ်မှာ နေထိုင်ရတာကိုအနည်းငယ်စိတ်အလိုမကျဖြစ်နေတာကြောင့်အသင်းပြောင်းဖို့ စဉ်းစားလျက်ရှိနေတယ်လို့ သိရပါတယ်။


ဒါ့ကြောင့် ကာဗာနီကိုတော့ရီးရဲလ်အသင်းက လာမယ့် ဇန်နဝါရီလမှာ စတင်ကမ်းလှမ်းမှုတွေ ပြုလုပ်ကာခေါ်ယူသွားဖွယ်ရှိနေတာဖြစ်ပါတယ်။ သစ်ထူးလွင်

## ရီးယဲလ်အသင်းမှာ ၂၀၂၁ ခုနှစ်ထိ ရှိနေမယ့် သက်တမ်းတိုး စာချုပ်ကို ချုပ်ဆိုလိုက်တဲ့ ရာမို့စ်

ဆာဂျီယိုရာမို့စ်ဟာရီးယဲလ်မက်ဒရစ်အသင်းနှင့်စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ပြီး သူဟာကလပ်အသင်းမှာ ၂၀၂၁ ခုနှစ်အထိ ရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။

Marca ရဲ့ ဖော်ပြချက်အရအဓိကနောက်ခံလူနှင့်လာလီဂါဘီလူးကြီးအကြားတစ်စုံတစ်ရာပြဿနာများမရှိဘဲသဘောတူညီမှုရရှိခဲ့ပြီးတရားဝင်ထုတ်ပြန်ချက်ကြေညာချက် မရှိဘဲစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်တယ်လို့ဆိုပါတယ်။ စာချုပ်ချုဆိုမှုကိုတော့မကြာခင်တရားဝင် ကြေညာသွားမယ်လို့သိရပါတယ်။

ရာမို့စ်ဟာ ၂၀၀၅ ခုနှစ်က ဆီဗီလာအသင်းမှ ဘာနေဗျူးသို့ပြောင်းရွှေ့လာခဲ့ပြီးနောက် ကလပ်နှင့်နိုင်ငံအသင်းအတွက် ဆုဖလားများစွာနှင့်



အောင်မြင်မှုအများအပြားရရှိနေသူဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိနောက်ခံကစားသမားဟာ လွန်ခဲ့တဲ့နှစ်နှစ်အကြာက မန်ယူအသင်းသို့ပြောင်းရွှေ့ရန် အကြီးအကျယ်ချိတ်ဆက်ခံခဲ့ရဖူးပါတယ်။

ရာမို့စ်ရဲ့ ယခုသက်တမ်းတိုးစာချုပ်အရ ၄င်းဟာ ရော်လ်နယ်ဒိုနှင့် ဘေးလ်တို့နှင့်အတူ ကလပ်အသင်းမှာအမြင့်ဆုံးပေးချေရတဲ့ကစားသမားများထဲက တစ်ဦးဖြစ်လာပါတယ်။

ရီးယဲလ်အသင်းဟာ နည်းပြဇီဒန်းကိုစာချုပ်သစ်ချုပ်ဆိုထားခဲ့သလိုအစ္စကို၊ မာဆယ်လို၊ ကာဗာဂျယ်၊ ဘန်ဇီမာ၊ ဗာရန်း၊ အဆန်စီယို၊လူကာမိုဒရစ်နှင့် တိုနီခရူစ်တို့ကို စာချုပ်သစ်ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ ရာမို့စ်ဟာ လက်ရှိနည်းပြ ဇီဒန်းနှင့်ရင်းနီးတဲ့ ဆက်ဆံရေးမျိုး ရှိနေပြီးနောက်ခံလူဟာ ယခုစာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ ရီးယဲလ်အသင်းမှာ ၁၆ နှစ်ကြာ ကစားခဲ့ရမှာဖြစ်ပါတယ်။ mizzima

### ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှု ပြုလုပ်တော့မယ့် ဘာစီလိုနာတိုက်စစ်မှူးဆွာရက်ဇ်

စပိန်ထိပ်သီးကလပ်ဘာစီလိုနာအသင်းရဲ့ အဓိကတိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်ဟာ ဒူးဒဏ်ရာပြင်းထန်စွာခံစားနေရပြီး ဘာစီလိုနာအသင်းရဲ့ဆေးအဖွဲ့ဟာ ဆွာရက်ဇ်ရဲ့ဒဏ်ရာကိုအလျင်အမြန်ခွဲစိတ်ကုသမှုပြုလုပ်တော့မယ်လို့ သိရပါတယ်။

ဥရုဂွေးစတားဟာ ဒူးအကြောထုံး ဒဏ်ရာရရှိနေတာဖြစ်ပြီး ဒဏ်ရာကိုခွဲစိတ်မှုခံယူရပါက ၃ပတ်ခန့် အနားယူရမှာဖြစ်တယ်လိုဘာစီလိုနာအသင်းကထုတ်ပြန်ကြေငြာခဲ့ပါတယ်။ ဆွာရက်ဇ်ဟာ ဘာစီလိုနာအသင်းရဲ့ ပွဲစဉ် ၂ ပွဲခန့်လွဲချော်တော့မှာဖြစ်တယ်လို့သိရပါတယ်။ သစ်ထူးလွင်